# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၃၈ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

( ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး ၊ အခမ်းအနားမှူး အဖြစ် ဦးသိန်း မော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။ ]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယ ခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြ န်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၃၈ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့် ပေါ် သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ၃၈ ရက်မြောက်နေ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှ ယ်ဦးရေစုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၇)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၄.၉၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအ ဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့ (ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၃၈ ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစောအောင်ကျော်နိုင် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစောငြိမ်းသင် ဟာ မိသား စု ကျန်းမာရေးကိစ္စ ဆောင်ရွက်ရန်ရှိတဲ့အတွက် ယနေ့ ၂၁ ရက်နေ့ကို ခွင့်တစ်ရက်အဖြစ် သတ်မှတ် ပေးပါရန် ဦးစောငြိမ်းသင်ရဲ့ ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ကျွန်တော် ဦးစောအောင်ကျော်နိုင် က လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောငြိမ်းသင် ရဲ့ ၂၁-၁၀-၂၀၁၁ ရက်နေ့ ခွင့်တစ်ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဂျေယောဝူ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) မော်လိုက်မြို့မှ ဦးမောင်မောင်ကြီးသည် သွေးတိုး၍နေမကောင်းဖြစ်နေပါသဖြင့် ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းကို ကျွန်တော် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဂျေယောဝူ က ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ကြီး၏ ခွင့်(၁)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမန်းကံညွန့် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ် တော် ကိုယ်စားလှယ် ဦးစိုးသက် ၏ ဇနီးဖြစ်သူသည် ရန်ကုန် မြို့တွင် ခွဲစိတ်ကုသမှုခံယူရန် ရှိပါသောကြောင့် ဇနီးသည်ခွဲစိတ်ခံယူ ရမှု၌ အနီးကပ်ရှိနေရန် ရန်ကုန်သို့သွား ရောက် နေရပါသဖြင့် ဦးစိုးသက် ကို ၂၁-၁၀-၂၀၁၁ ရက်နေ့ လွှတ်တော်အစည်းအဝေးတက်ရောက်ခြင်းမှ ခွင့်(၁) ရက်ပေးပါရန် ဦးစိုးသက် ကိုယ်စား ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် မန်းကံညွန့် မှ ခွင့်တိုင်ကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစိုးသက် ၏ ၂၁-၁၀-၂၀၁၁ ရက်နေ့ ခွင့်(၁)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးလှဆွေ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကြည်ထွန်းသည် အဆုတ်အအေးမိရောဂါဖြင့်နေမကောင်း ပါသဖြင့် ၂၁-၁၀-၂၀၁၁ နေ့ အမျိုးသားလွှတ်တော် တက်ရောက်ခြင်းမှ ခွင့်(၁)ရက် အဖြစ် သတ်မှတ် ပေးနိုင်ပါရန် ဦးကြည်ထွန်း ကိုယ်စား ကျွန်တော် မကွေးတိုင်းဒေသ ကြီး မဲဆန္ဒနယ်အမှတ် (၁၂) ဦးလှဆွေ မှ ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ထွန်း ၏ ၂၁-၁၀-၂၀၁၁ ရက်နေ့ခွင့်(၁)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့် ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိ ယပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ (၂၁၈)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး၊ ယနေ့ ခွင့်ပြုသူ (၄)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ (၁၁)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအ ဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ကချင်ပြည်နယ် မိုးကောင်းမြို့တွင် ကျောက်စိမ်းအသားကျောက်များ ဖြတ်တောက်ခြင်းအချောထည် ကျောက်သွေးလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ထွက်ရှိလာသော ပစ္စည်းများကို ပြည်တွင်းပြည်ပသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ရောင်းချနိုင်ခွင့်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ယခုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက မေးမြန်းသည့်မေးခွန်းသည် သတ္တုတွင်း ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြား ရမည့်မေးခွန်း ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်က ကချင်ပြည်နယ် မိုးကောင်းမြို့တွင် ကျောက်စိမ်းအသားကျောက်များအား ဖြတ်တောက်ခြင်း၊ အချောထည်ကျောက်သွေးလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ထွက်ရှိလာသော ပစ္စည်းများကို ပြည်တွင်းပြည်ပသို့ လုပ်ထုံးလုပ်နည်းနှင့် အညီ ရောင်းချနိုင်ခွင့်နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုးကောင်းမြို့မှာ ဖားကန့်မြို့မှ ထွက်တဲ့ကျောက်စိမ်း အဆင့်နိမ့်အသားကျောက်တွေကို မိုးကောင်းမြို့မှာ ဖြတ်တောက်ခွင့်နှင့် အချောထည်လုပ်ကိုင်ခွင့်ရရှိခြင်း ရှိ /မရှိနှင့် တကယ်လို့ ရရှိခဲ့တယ်ဆိုလို့ ရှိရင်လည်း လုပ်ငန်းကထွက်ရှိလာတဲ့ အချောထည်တွေကို ပြည်တွင်းပြည်ပမှာ ရောင်းချနိုင်ခွင့် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုးကောင်းမြို့ဟာ ၁၉၉၀ ခုနှစ် မတိုင်မီကာလ များကဆိုရင် ဒီကျောက်စိမ်းနဲ့ ပတ်သက်ပြီးတော့ အင်မတန်ကို ကျော်ကြားခဲ့ပါတယ်။ မြန်မာပြည်တွင်းမှာသာမကပဲနဲ့ ကမ္ဘာမှာပါကျော်ကြားခဲ့တဲ့ မြို့တစ်မြို့ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက လမ်းကြောင်းနဲ့ လုံခြုံရေးတွေကလည်း ယခုခေတ်ကာလလို ကောင်းမွန်ခြင်းမရှိသေးတဲ့ အတွက်ကြောင့်မို့လို့ ဒီဖားကန့် ကျောက်စိမ်းတွင်းကိုသွားတဲ့ ကျောက်တူးသမားတွေ ကျောက်အရောင်းအဝယ်သမားတွေဟာ ကျွန်တော်တို့ မိုးကောင်းမြို့မှ တစ်ဆင့် သွားရတာဖြစ်ပါတယ်။ ဒါကြောင့် မိုးကောင်းမြို့မှာ ကျောက်စိမ်း အရောင်းအဝယ် လုပ် ငန်းတွေဟာ အင်မတန် ဖြစ်ထွန်းပြီးတော့ မိုးကောင်းမြို့ နေ ဒေသခံပြည်သူတွေဟာလည်း စီးပွားရေးတိုးတက်ကောင်းမွန်ခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ တပ်မတော်အစိုးရကာလ ရောက်ရှိလာတဲ့ အခါမှာ လမ်းကြောင်းတွေ၊ လုံခြုံရေးတွေကလည်း ပိုမိုကောင်းမွန်လာတဲ့ အတွက်ကြောင့်မို့လို့ အဲတော့ ဒီကျောက်စိမ်းတွင်းကိုသွားမယ့် ကျောက်တူးသမားတွေ အရောင်းအဝယ်သမားတွေဟာ မိုးကောင်းမြို့မှာ ညမအိပ်တော့ဘဲနဲ့ အရောင်းအဝယ် မလုပ်တော့ဘဲနဲ့ ဖားကန့်ကို တိုက်ရိုက် သွားနေခဲ့တာတွေ ရှိပါတယ်။

အဲဒီတော့အလားတူပဲ ဒီကျောက်စိမ်းတွင်းလုပ်တဲ့အခါမှာလည်း ကျောက်စိမ်းလုပ်ငန်းတွေ တူးဖော်တဲ့အခါမှာလည်းအစိုးရနဲ့ကုမ္ပဏီကြီးတွေနဲ့ ဖက်စပ်အကျိုးတူဆောင်ရွက်ခဲ့ပါတယ်။ ပြီးတော့ အဲဒီလုပ်ငန်းတွေကိုလည်း ယန္တရားကြီးတွေနဲ့ တူးဖော်ခဲ့တဲ့ အတွက်ကြောင့်မို့လို့ ယခင်က ဒေသခံတွေရဲ့အလုပ်အကိုင်အခွင့်အလမ်းတွေ နည်းပါးခဲ့တာ တွေ့ရပါတယ်။ အခုဆိုရင် ဒေသခံတွေဟာ သူတို့ ကုမ္ပဏီကြီးတွေ စွန့်ပစ်တဲ့၊ ထရပ်ကားကြီးတွေနဲ့သယ်လာပြီး စွန့်ပစ်တဲ့ မြေစာပုံတွေမှာ ကျောက်အကြွင်းအကျန်တွေကို ရှာရတဲ့အလုပ် အဲတော့ ဒေသခံစကားနဲ့ ပြောရရင်တော့ ရေမဆေးကျောက်ရှာခြင်းလုပ်ငန်း ဖြစ်ပါတယ်။ အဲဒါတွေလည်း လုပ်ကိုင်နေရတော့တဲ့ အနေအထားမှာ ရှိပါတယ်။ မိုးကောင်းမြို့မှာလည်း ခုနတုန်းက တင်ပြခဲ့သလိုပဲ ကျောက်အရောင်းအဝယ်တွေဟာ မရှိတော့ တဲ့အတွက်ကြောင့် မို့လို့ အဲတော့ မြို့သူမြို့သား တွေကလည်း စီးပွားရေး အကျပ်အတည်းတွေ တွေ့ရှိခဲ့ပြီးတော့ ငွေကြေးတတ်နိုင်တဲ့ လူပုဂ္ဂိုလ်တွေဟာ စီးပွားရေးအကွက်အကွင်း ရှိတဲ့ မန္တလေး၊ ရန်ကုန်မြို့တွေကို ပြောင်းရွှေ့ပြီးတော့ နေထိုင်ကြတာ ဖြစ်ပါ တယ်။ အဲလို ပြောင်းရွှေ့ နေထိုင်ကြတဲ့အခါမှာ ကျွန်တော်တို့ ကချင်ပြည်နယ်ရဲ့ လူ့အရင်းအမြစ် စွမ်းဆောင်နိုင်မှု စွမ်းရည်တွေဟာ ကျဆင်းလာပြီးတော့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်တဲ့အခါမှာ

အတိုင်းအတာတစ်ခုအထိ နှောင့်နှေးကြန့် ကြာသွားနိုင် တဲ့ အနေအထား ရှိတာကိုလည်း တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မိုးကောင်းမြို့နေ ဒေသခံတွေဟာ ခုဆိုလျှင် စိုက်ပျိုးရေးကိုပဲ အဓိက ထားပြီးတော့ ဆောင်ရွက်နေတဲ့အပိုင်း ရှိပါတယ်။ အဲဒီတော့ အစိုးရနဲ့ တာဝန်ရှိပုဂ္ဂိုလ်များကလည်း ပြည်သူများ ရဲ့ စီးပွားရေးတိုးတက်ရေးတိုးတက်ကြောင်းတွေကို ဆောင်ရွက်ပေးလျှ က် ရှိသော်ငြားလည်း နိုင် ငံတော်အနေနဲ့ လုပ်ငန်းအကွက်အကွင်းတွေ ကို ဖန်တီးပေးနိုင်မှသာ အလျှင်အမြန်တိုးတက်လာမယ့် အနေအထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ် ဖို့ဆိုရာမှာ ပြည်နယ်ဒေသနိုင်ငံရဲ့ အစွန်အဖျားမှာရှိတဲ့ ကျေးလက်ဒေသတွေ ဟာ ဘက်စုံဖွံ့ဖြိုး တိုးတက်မှုတွေဟာ အရှိန်အဟုန်နဲ့ တိုးတက်လာမှသာ တိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံလို့ ခေါ်ဆိုရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒါနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရကလည်းအလေးအနက်ထားပြီးတော့ ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ဥပမာအနေနဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ သဘာဝဓာတ်ငွေ့သိုက် ရွှေလို့ခေါ်တဲ့ သဘာဝဓာ တ်ငွေ့သိုက်ကို ၂၀၀၄ ခုနှစ်မှာ စတင်တွေ့ ရှိပြီး အဲတော့တွေ့ရှိတဲ့ သဘာဝဓါတ်ငွေ့တွေကို နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ အကျိုးအလို့ ငှာ တစ်စိတ် တစ်ဒေသကို တရုတ်ကိုတင်ပို့ဖို့ ဆောင်ရွက်နေပါတယ်။ ခုဆိုလို့ရှိရင် ဒီဓာ တ်ငွေ့ပိုက်လိုင်းတွေ သွယ်တန်းမှုတွေကိုလည်း ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ စီမံကိန်းတွေကို ဆောင်ရွက်နေတဲ့ တစ်ပြိုင်တည်းမှာပဲ ရခိုင်ပြည်နယ်ရဲ့ လူနေမှုဘဝတိုးတက်မှုအတွက်လည်း တစ်ပြိုင်တည်း ဆောင်ရွက်နေတာကို တွေ့ ရှိရပါတယ်။ အဲဒီမှာ ပညာရေးအနေနဲ့ စာသင်ကျောင်းတွေ ဆောက်ပေးတာ၊ ပြင်ဆင်တာ(၁၆)ခု၊ ကျန်းမာရေးကဏ္ဍအနေနဲ့ ဆေးရုံ၊ ဆေးခန်းတွေ ဆောက် ပေးတာ၊ ပြင်ဆင်တာ (၂၆) ခု၊ နောက်ရေရရှိရေး၊ မီးရရှိရေးဆောင်ရွက်ပေးတာ...

**ဥက္ကဋ္ဌ**။ ။ ဦးစံပြည့်၊ မိမိမေးတဲ့ မေးခွန်းနဲ့ ပတ်သက်တာကိုပဲ ပြောပါ။

**ဦးစံပြည့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။ ကျွန်တော် ချုံ့လိုက်ပါမယ်။ အဲဒီတော့ ရခိုင်ပြည်နယ်အတွက်လည်း ဆောင်ရွက်ပေးနေတယ်ဆိုတာကို ကျွန်တော် တင်ပြလိုတာ ဖြစ်ပါတယ်ခင်ဗျား။ ၁၉-၈-၂၀၁၁ ရက်နေ့ MICC မှာ ကျင်းပတဲ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေး ပွဲမှာလည်း သမ္မတကြီးကနေပြီးတော့ ပြည်သူတွေအတွက် ရလဒ်ကောင်းမယ့် အကျိုးတစ်ခုကို ရမယ်ဆိုလို့ရှိရင် ပေးဆပ်အနစ်နာခံရမှုတွေ ရှိကောင်း ရှိလာစရာအကြောင်းရှိပါတယ်။ဒါကိုလည်း မိမိတို့ရဲ့ စိတ်သဏ္ဍာန်မှာ ကြို တင်ပြင်ဆင်ထားဖို့ လိုအပ်ကြောင်းဆိုပြီးတော့ ပြောခဲ့တာရှိပါတယ်ခင်ဗျား ။ မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်းကြီး ကိုလည်း ရပ်ဆိုင်းခဲ့တာကို တွေ့ရပါတယ်။ အဲဒီဟာလည်း သမ္မတကြီး ပြောတဲ့အတိုင်း ဒါစွန့်လွှတ် အနစ်နာခံခြင်း တစ်ခုလိုပဲ ကျွန်တော်တို့ စိတ်ထဲမှာ မှတ်ယူပါတယ်။ အဲတော့ အဲဒီအတွက်လည်း ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုတွေ ပျောက်ကင်းသွားတာအမှန်ဖြစ်လို့-----

**ဥက္ကဋ္ဌ**။ ။ ရပါပြီ။ မေးခွန်းက ဒီကျောက်စိမ်း အသားကျောက်ကိစ္စလား ရပါပြီ။ ပြည်ထောင်စု ဝန်ကြီးဖြေပါလိမ့်မယ်။ ထိုင်ပါ။

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဦးသိန်းထိုက်(ပြည်ထောင်စုဝန်ကြီး၊သတ္တုတွင်းဝန်ကြီးဌာန)**။ ။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအ ပေါင်းနှင့် ပြည့်စုံ ပါစေလို့ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ဖြေရမယ့် မေးခွန်းကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့်ရဲ့ မေးခွန်းဖြစ်ပါတယ်။ ဦးစံပြည့်ရဲ့ မေးခွန်းကို အနှစ်ချုပ်ကြည့်မယ်ဆိုရင် ကချင်ပြည်နယ်၊မိုးကောင်းမြို့ဟာ ဖားကန့်ကျောက်စိမ်းတွင်းမှ ထွက်ရှိတဲ့ ကျောက်စိမ်းအသားကျောက်များကို မိုးကောင်းမြို့မှာပဲ ဖြတ်တောက်ခြင်း၊ အချောထည် ကျောက်သွေးလုပ်ငန်းများလုပ်ဆောင်ခြင်း၊ ဒါတွေကို လုပ် ဆောင်နိုင် ခြင်း ရှိ/မရှိ ဆိုတာရယ်၊ ဒီလိုလုပ်ဆောင်တဲ့နေရာက ထွက်ရှိလာတဲ့ အချောထည်ပစ္စည်းများကို ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချ နိုင်ခြင်း ရှိ/မရှိ ကို သိရှိလိုပါကြောင်းလည်း မေးထားတာဖြစ်ကြောင်း သိရှိရပါတယ်။

ဒီမေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ထုတ်ပြန်ထားတဲ့ မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၁၇ အရ ခွင့်ပြု မိန့်ရရှိတဲ့ ကုမ္ပဏီ သို့မဟုတ် အသင်း အဖွဲ့ သည် ထုတ်လုပ်ရရှိတဲ့ ကျောက်မျက်ရတနာရိုင်းများကို မှတ်ပုံတင် ပြီးတော့ တွင်းဝခွန် သို့မဟုတ် ရတနာခွန် ထမ်းဆောင် ပြီးလို့ရှိရင် ဖြတ်တောက်ခြင်း၊ သွေးခြင်း ပြုလုပ်၍ ကျောက်မျက်ရတနာတွေကို အချောထည်ပြုလုပ်နွဲ့လက်ဝတ်ရတနာ ပြုလုပ်ခွင့်ရှိတယ်လို့ သတ်မှတ်ထားတာ ရှိပါတယ်။ ဒီလိုလုပ်လို့ရတဲ့ အချောထည်နှင့် လက်ဝတ်ရတနာများ ကိုလည်း ပြည်တွင်းမှာ ဆိုလို့ရှိရင်လည်း သတ်မှတ်ချက်များနှင့်အညီလွတ်လပ်စွာသယ်ဆောင်ခွင့် ရောင်းချခွင့်၊ ဝယ်ယူခွင့်ရှိကြောင်း ဥပဒေအရ သတ်မှတ်ထားတာ ဖြစ်ပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၈ မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းအပိုဒ် ၄၈ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းကို ဥပဒေပြု ဆောင်ရွက်နိုင်ကြောင်း တိတိကျကျသတ်မှတ်ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကချင်ပြည်နယ် မိုးကောင်းမြို့မှာလည်း မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ တန်ဖိုးဖြတ် ပြီး ရတနာခွန် ဆောင်ပြီးတဲ့ ကျောက်စိမ်း၊ ကျောက်မျက်အရိုင်းများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ နှင့်အညီ ဖြတ်တောက်ခြင်း၊ အချောထည်သွေးခြင်း၊ လက်ဝတ်ရတနာပြုလုပ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ပါတယ်။ ပြုလုပ်နိုင်ခွင့်ရှိပါတယ်လို့ ဖြေကြားအပ်ပါတယ်။ ဒါ့အပြင် ဒီကျောက်စိမ်း အရိုင်းနဲ့ ဒီကျောက်စိမ်း အရိုင်းတွေမှ ပြုလုပ်ရရှိတဲ့ တန်ဖိုးမြင့်တဲ့ အချောထည် လက်ဝတ် ရတနာများကိုလည်း၊ ကျောက်မျက်ရတနာများကိုလည်း ပြည်ပကို တရားမဝင် ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများကို တားဆီးနှိမ်နင်း ရန်အလို့ငှာ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၅၄၊ ပုဒ်မခွဲ(ခ)အရ သတ်မှ တ် ထားတဲ့ နယ်စပ်ဒေသမြို့ (၁၉)မြို့မှအပ မြန်မာနိုင်ငံအတွင်းမှာ သတ်မှတ်ချက်များနဲ့ အညီ လွတ်လပ်စွာ သယ်ယူခွင့်ရှိပါတယ်။ ရောင်းနိုင်ပါတယ်။ ဝယ်နိုင် ပါတယ်။ ထုတ်လုပ်နိုင်ပါတယ်။ ဒါ့ ကြောင့် ဒီကျောက်စိမ်းကျောက်မျက် အချောထည် ပစ္စည်း များကို နေပြည်တော်၊ မန္တလေးနဲ့ ရန်ကုန်မြို့ကြီးတွေမှာလည်း ကျွန်တော်တို့ One Stop Service တစ်နေရာ တည်းမှာပဲ အခွန် ဆောင်ပြီးတော့မှ တန်ဖိုးသင့်ပြီးတော့မှ အခွန်များ ပေးဆောင်ပြီးတော့မှ လေကြောင်း၊ ရေကြောင်း၊ ကုန်းလမ်းတို့မှ ပြည်ပသို့ တရားဝင် ထုတ်ဆောင် ခွင့်ပြုနိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက် ရှိပါတယ်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးဦးစံပြည့် ရဲ့ မေးခွန်းမှာပါတဲ့ ၁၉၉၀ ခုနှစ် မတိုင်မီက ဖားကန့်မြို့ရဲ့ အခြေအနေဟာ အဲဒီဒေသဟာ ကချင်ပြည်နယ် နေရာတော်တော်များများမှာ နယ်မြေလုံခြုံမှု အခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေတွေ အရ မိုးကောင်းမြို့က နေတစ်ဆင့် ဖားကန့်ကိုသွားရတဲ့အတွက် ကျောက်လုပ်ငန်းရှင်များ ကျောက်ရောင်းဝယ်သူများဟာ ဒီမိုး ကောင်းမြို့မှာပဲ အခြေပြုနေထိုင် ပြီးတော့ ကျောက်ရောင်း ဝယ်ခြင်းလုပ်ငန်း စီမံခန့်ခွဲတဲ့လုပ်ငန်းကို ဆောင်ရွက်တဲ့အတွက် မိုးကောင်းမြို့ဟာ စည်ကားခဲ့ တာဖြစ်ပါတယ်။ ကျောက်တူးသမားများနဲ့ လုပ်ငန်းရှင် ကိုယ်စားလှယ်များကတော့ ကျောက်စိမ်းထွက်ရှိရာ လုံးခင်း ၊ ဖားကန့်ဒေသကို သွားရောက်ပြီးတော့မှ တူးဖော် ရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့ အနေအထားရှိကြောင်းတွေ့ရပါတယ်။

ဒါ့ကြောင့် ဖားကန့်ဒေသမှ ထွက် ရှိလာတဲ့ ကျော က်စိမ်းတွေကိုလည်း လုပ်ငန်းရှင် နှင့် စီမံခန့်ခွဲသူများရှိတဲ့ မိုးကောင်းမြို့ကို သယ်ယူပြီးတော့ မိုးကောင်းမြို့မှာပဲ ဖြတ်တောက်ခြင်း၊ ရောင်းဝယ်ခြင်း လုပ်ငန်းတွေ ဆောင်ရွက်ကြရတဲ့အတွက် အဲဒီအချိန် အခါက အဲဒီ ကာလ မိုးကောင်းမြို့မှာ အရောင်းအဝယ်ပြုလုပ်တာနဲ့ စည်ကားနေခြင်းဖြစ်တယ်လို့ ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။ သို့သော်လည်း ၁၉၉၀ ခုနှစ် နောက်ပိုင်း ကချင်ပြည်နယ်မှာ နေရာအနှံ့ ပြည်နယ်တစ်ခုလုံး နယ်မြေအေးချမ်းလာပြီးတော့မှ လမ်းပန်းဆက်သွယ် ရေးတွေလည်း ပိုမိုကောင်းမွန်လာတဲ့အတွက် လုပ်ငန်းရှင်တွေ ၊ စီမံကွပ်ကဲတဲ့လူတွေ ၊ ကြီးကြပ်လုပ်ဆောင်တဲ့ လူတွေဟာ မိုးကောင်းမြို့မှာ အခြေပြုမယ့် အစား တိုက်ရိုက်ထုတ်လုပ်မှုကိုလုပ်နေတဲ့ ဖားကန့်ကိုပဲ ပြောင်းရွှေ့သွားပြီးတော့မှ ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့ကြောင့် မိုးကောင်းမြို့က စည်ပင်မှုတွေဟာ မိုးကောင်းမြို့မှာလုပ်နေတဲ့ အရောင်းအဝယ်လုပ်ငန်းတွေဟာ လုံးခင်း၊ဖားကန့်ကိုရောက်ရှိသွားတယ်လို့ ကျွန်တော်တို့ ယူဆရပါတယ်။ အခုအချိန်မှာဆိုလို့ရှိရင် ဒီလုပ်ငန်းရှင် တွေ ဒီကျောက် ရောင်းဝယ်သူတွေဟာ ဖားကန့်မြို့တွင် သာမကပဲနဲ့ ဖားကန့်မြို့က ပတ်ဝန်းကျင်မှာရှိတဲ့ ကျောက်စိမ်းရတနာ၊ ကျောက်မျက်များထွက်ရှိရာ နေရာ ဒေသလုပ်ကွက်များကိုပါ သွားရောက်ပြီး အခြေပြုနေထိုင်ပြီး တူးဖော်ရေး၊ ရောင်းဝယ်ရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိတဲ့အကြောင်း သိရှိ ရပါတယ်။ ဒါ့ကြောင့် ဖားကန့်ဒေသမှာ ထွက်ရှိတဲ့ ကျောက်စိမ်းများကို မိုးကောင်းမြို့မှာ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အချောထည်ပြုလုပ်ခြင်းလုပ်ငန်းကို ပြုလုပ်နိုင်ကြောင်း ဖြေကြားအပ်ပါတယ်။ ဒီလိုလုပ် ရင်းနဲ့

ရရှိလာတဲ့ တန် ဖိုးမြင့် အချောထည်လက်ဝတ်ရတနာ ရုပ်ထုရုပ်သွင်း ပစ္စည်းများကို လည်း သတ်မှတ်ထားတဲ့ နယ်စပ်ဒေသ(၁၉)မြို့မှအပ မည်သည့် မြန်မာနိုင်ငံတော်အတွင်း မည်သည့် ဒေသမဆို သယ်ဆောင်သွားနိုင် ပါတယ်။ ဝယ်ယူနိုင်ပါတယ်။ ရောင်းချနိုင် ပါတယ်။ ဒါ့ အပြင် သတ်မှတ်အခွန် ပေးဆောင်ပြီးတော့ ပြည်ပကို တရားဝင်တင်ပို့ ရောင်းချခွင့်ရရှိရေး အတွက်လည်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့မှာ One Stop Service လို့ခေါ်တဲ့ ပူပေါင်း ဆောင်ရွက်ရေး ဌာနတစ်ခုစီကို မကြာမီရက်ပိုင်းအချိန်ကာလအတွင်း ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါ ကြောင်း ဖြေကြားစာင်ပြအပ်ပါတယ်။ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းမယ့် မေးခွန်းတွေဟာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရမယ့် မေးခွန်း တွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## ကလေးမြို့မှ တမူးမြို့သို့ ရထားသံလမ်းတည်ဆောက် ပြေးဆွဲရန် စီမံကိန်း ရှိ/ မရှိ နှင့် စပ်လျဥ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျွန်ခဲန်း က ကလေးမြို့မှ တမူးမြို့သို့ ရထားသံလမ်းတည်ဆောက် ပြေးဆွဲရန် စီမံကိန်းရှိ/ မရှိ နဲ့ စပ်လျဥ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးကျွန်ခဲန်း၊ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ချစ်ခင်လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စုဝန်ကြီးများ နဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးကျန်းမာချမ်းသာပြီး မိသားစုရေးကအစ တိုင်းရေးပြည်ရေး အတွက်ပါ ကူညီဆောင်ရွက် နိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ ကျွန်တော့် မေးခွန်း ပေါ်ပေါက်လာရခြင်းက ကလေး-ဂန့်ဂေါ ရထားလမ်းစတင် တူးဖော်တဲ့ အချိန်ကစပြီးမှ ဒီမေးခွန်းကို ကျွန်တော် မေးရခြင်း ဖြစ်ပါတယ်။ တပ်မတော်အစိုးရလက်ထက် ကျွန်တော်တို့ဒီ ၁၉၉၀ ဝန်းကျင်တုန်းကနေပြီးတော့ ဒီကလေးမြို့နဲ့

ဂန့်ဂေါကို   တပ်မတော်အစိုးရ ကနေပြီးတော့ ပြည်သူလူထုရဲ့ ရှေ့ရေးအတွက် မျှော်မှန်းချက်ကြီး စွာဖြင့် ရထားလမ်းကို ခဲရာခဲဆစ်  မဖြစ်ဖြစ်အောင်  တူးဖော်ပေးခဲ့ပါတယ်။ အဲဒီ   တူးဖော်တဲ့ အထဲမှာ ကျွန်တော်တို့  လုပ်သားပြည်သူများ ၊ ဒေသခံပြည်သူများရော ၊ တပ်မတော်သားရော အခါက  ကျွန်တော်တို့ ကလေးမြို့မှာ တပ်စွဲတဲ့   ခလရ - ၈၉  က ဒိုင်ခံပြီးမှ တူးဖော်ကြပါတ ယ်။ ပင်လည်း  ပင်ပန်းကြတယ်။ လူလည်း ဒုက္ခရောက်ကြပါတယ်။ ဆင်းလည်းဆင်းရဲကြပါတယ်။ အဲဒီ ရထားလမ်းကို   ပြီးဆုံးတဲ့အခါမှာ ဒီတူးဖော်တဲ့       ဒေသခံလုပ်သားပြည်သူများကို ကျွန်တော်တို့ နုတ်ချော်းနဲ့  ကလေးမြို့ကို သုံးရက်တိတိအခမဲ့  ကျွန်တော်တို့ ဒီရထားကို   စီးခိုင်းပါတယ်။ အဲဒီ စီးခိုင်းတဲ့အခါမှာ အဲဒီဒေသခံ  ပြည်သူများ ဆင်းရဲဒုက္ခ  ရောက်ခဲ့တဲ့ဟာကို အဲဒီလို ရထားစီးရင်း ပျော်ရွှင်ချမ်းမြေ့စွာ ခံစားရတဲ့    အခါမှာ သူတို့ဒုက္ခ  ခံစားခဲ့ရတာတွေကို ဘယ်ရောက်ကုန်မှန်း မသိဘူး။ သူတို့ ဝမ်းသာပီတိ       ဖြစ်   ကြပါတယ်။ တပ်မတော်အစိုးရ   အပေါ်မှာလည်း သူတို့ ကျေးဇူးတင်ကြပါတယ်။ အဲဒါကနေ ဘာစကား   ထွက်လာလည်းဆိုတော့ အဲဒီကလေး  မြို့ကနေ တမူးကိုလည်း  အစိုးရကနေမှ ရ ထားလမ်းဖောက်  လုပ်ပေးမယ်ဆိုပြီးမှ စကားထွက်လာပါတယ်။ ဒါပေမယ့် ဒီကနေ့ထိ ကလေးတမူးဟာ ရထားလမ်းဖောက်လုပ်ခြင်း မရှိသေးပါဘူး။ အဲဒါကြောင့် ကျွန်တော် ဒီဒေသခံ ပြည်သူလူထုများ ကိုယ်စား မေးမြန်းချင်တာကတော့ ဒီကလေးမြို့မှ တမူးသို့ ရထားသံလမ်း  တည်ဆောက်ပြီး  ရထားပြေးဆွဲ  နိုင်ရန် အစီအစဉ်   ရှိ/မရှိ  သိရှိနိုင်ရေးအတွက် ဒေသခံပြည်သူများ လိုလားတောင့်တာမှုအရ ကျွန်တော်  လေးစားစွာ  မေးမြန်းရခြင်း  ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မိုးညှင်းခရိုင်၊ မိုးညှင်းမြို့တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။**          ။ဆက်လက်ပြီး ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်၊ မိုးညှင်းခရိုင်၊   မိုးညှင်းမြို့တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။**          ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်  ဥက္ကဋ္ဌကြီးနှင့်  တကွ ပြည်ထောင်စုဝန်ကြီးများ  ၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ လေးစားစွာ ဂါရဝပြု နှုတ်ခွန်း

ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းတင်အောင်ဖြစ်ပါတယ်။ ခုကျွန်တော်မေးမယ့် မေးခွန်းကတော့ကချင်ပြည်နယ် မိုးညှင်းခရိုင်၊ မိုးညှင်းမြို့မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး ဖွင့်လှစ်ပေးနိုင်ရေး ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်မိုးညှင်းခရိုင်အတွင်းမှာပါဝင်တဲ့ မြို့နယ်တွေဖြစ်တဲ့ မိုးကောင်းမြို့နယ်၊ မိုးညှင်းမြို့နယ်၊ဖားကန့်မြို့နယ်တို့မှာရှိတဲ့ ပြည်သူလူထုဟာ ယာဉ်လိုင်စင် သက်တမ်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်သက်တမ်းတိုးခြင်း၊ယာဉ်လိုင်စင်အသစ် ပြုလုပ်ခြင်း ကိစ္စတို့အတွက် ကချင်ပြည်နယ်ရဲ့မြို့တော်ဖြစ်တဲ့မြစ်ကြီးနားမြို့မှာ သွားရောက်ပြုလုပ်ကြရပါတယ်။ ဒီလိုပြုလုပ်တဲ့ နေရာမှာလည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ ညဥ့်အိပ် ညဥ့်နေသွားရခြင်း တို့ကြောင့် ငွေကုန်ကြေးကျများပြီး အခက်အခဲပေါင်းမြောက်များစွာ ကြုံတွေ့နေရပါတယ်။ ပြည်နယ် ကုန်းလမ်း အထူးအဖွဲ့အနေနဲ့လည်း မြို့နယ်အထိ ကွင်းဆင်းပြီး ပင်ပန်းခံ ဆောင်ရွက်ပေးပေမယ့် လည်းရက်အကန့်အသတ်နဲ့သာ ဆောင်ရွက်ပေးနိုင်တာကြောင့် အတိုင်းအတာတစ်ခုထိ ဆောင်ရွက် ပေးနိုင်ခဲ့ပြီးတော့ မဆောင်ရွက်ရသေးတဲ့လိုင်စင်၊ လိုင်စင်မပြုလုပ်ရသေးတဲ့ အဓိကအခြေခံလူတန်းစား များဖြစ်ကြတဲ့ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ကျောင်းသူ/ကျောင်းသားများ အသုံးပြုတဲ့ မော်တော်ဆိုင်ကယ်တွေ လိုင်စင်မလုပ်ရသေးတဲ့ ဆိုင်ကယ်တွေ မြောက်မြားစွာ ကျန်ရှိနေပါသေးသည့် အတွက် ဒီလိုအခြေအနေကိစ္စတွေကို ကုစားနိုင်ဖို့အတွက် ကျွန်တော်တို့ ပြည်နယ်မြို့တော်မှာ ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး ဖွင့်လှစ်တာမကဘဲနဲ့ ကျွန် တော်တို့ ခရိုင်မြို့တွေမှာလည်းပဲ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံး ဖွင့်လှစ်ပြီး နိုင်ငံတော် အတွက် ဘဏ္ဍာ၊ အ ခွန် လည်းရအောင် နောက်ပြီးတော့ စားသုံးသူဖြစ်တဲ့ အခြေခံ လူထုလူတန်းစားလည်း လုံခြုံစိတ်ချစွာ ဆောင်ရွက်နိုင်အောင်အတွက် ကျွန်တော်တို့ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့မှာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး ဖွင့်လှစ်ပေးဖို့ အစီအစဉ် ရှိ/ မရှိ မေးရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ရထားပို့ဆောင်ရေးနှင့်ကြီးဌာနပြည်ထောင်စု ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၈။**

**ဦးအောင်မင်းပြည်ထောင်စုဝန်ကြီးရထားပို့ဆောင်ရေးဝန်ကြီးဌာန** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ မေးမြန်းထားသော မေးခွန်းများကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ကျွန်တော် ဦးအောင်မင်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းမှာ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်းမှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ တမူးမြို့သို့ ရထားသံလမ်းတည်ဆောက်ပြေးဆွဲမှု စီမံကိန်း ရှိ/မရှိ နှင့် ရှိပါက မည်သည့်အချိန်တွင် စတင်ဆောက်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းထားသည့်မေးခွန်းဖြစ်ပါတယ်။ ယခုမေးမြန်းထားသည့် ကလေး-တမူးရထားလမ်းပိုင်းဟာ စင်ကာပူမှတူရကီသို့ နောင်ဖောက်လုပ်မည့် အာရှရထားလမ်းမကြီး၏ တောင်ဘက်စင်္ကြံ Tran-Asian Railway Southern Corridor ၏ အစိတ်အပိုင်းတစ်ရပ် အဖြစ် ပါဝင်ပါသည်။ ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့မှ နိုဝင်ဘာလ ၂ ရက်နေ့ အထိ အိန္ဒိယသမ္မတနိုင်ငံ Rail India Technical and Economic Services (RITES) အဖွဲ့နှင့် မြန်မာ့မီးရထားတို့ ပူးပေါင်း ပြီးတော့ အခြေအနေ များ လေ့လာခဲ့ပါတယ်။ လေ့လာမှု အစီရင်ခံစာတွင် ၁၂၇ ကီလိုမီတာ ရှည်လျားကြောင်း၊ အိန္ဒိယ ရူပီး ငွေ ၄၂၉၄ သန်းခန့်ကုန်ကျမည်ဖြစ်ကြောင်း ဖော်ပြထား ပါတယ်။ ၎င်းရထား လမ်းကြောင်းဖြင့် ဆက်မည့်အိန္ဒိယနိုင်ငံ ဘက်ခြမ်း ရထားလမ်းပိုင်းကိုလည်း မဆောက်လုပ်နိုင်သေးကြောင်း သိရပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတစ်ဝန်း ရထားလမ်းကွန်ယက် တိုးတက်စေရေးအတွက် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း (၁၃)ခု မိုင်အားဖြင့် ၂၂၅၅ မိုင်ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ အထက်ပါ စီမံကိန်းများ ပြီးစီးချိန်တွင် ကလေး-တမူးရထားလမ်း ဖောက်လုပ်ရေးကိစ္စကို နိုင်ငံတော်သို့ တင်ပြ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်ကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကို ကျွန်တော်ကဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင် မှ ကချင်ပြည်နယ် မိုးညှင်းခရိုင်၊မိုးညှင်းမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးဖွင့်လှစ်ပေးနိုင်ရေး အစီအစဉ် ရှိ/မရှိ မေးမြန်းထားသောမေးခွန်းဖြစ်ပါတယ်။ ကချင်ပြည်နယ်မိုးညှင်းခရိုင်၊ မိုးညှင်းမြို့တွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံးဖွင့်လှစ်ပေးနိုင်ရေးနဲ့ ပတ်သက်၍ မိုးညှင်းခရိုင်

အတွင်းရှိ မိုးညှင်းမြို့၊ မိုးကောင်းမြို့နှင့် ဖားကန့်မြို့များတွင် ယာဉ်စီးရေ (၁၆၅၈၁)စီးနဲ့ ယာဉ်မောင်းလိုင်စင်စောင်ရေ (၁၂၉၃၄) စောင်ရှိပါတယ်။ ခရိုင်ရုံးတိုးချဲ့ ဖွင့်လှစ်နိုင်ရေးအတွက် ဖွဲ့စည်းပုံတိုးချဲ့ရေးကိစ္စအား ပြည်ထောင် စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ထားဆဲဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဖွဲ့စည်းခွင့်ပြုချက် ရရှိပါက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ရသုံးမှန်းခြေ ငွေစာရင်း၌ မိုးညှင်းခရိုင်ဖွင့်လှစ်ရန်လျာထား တင်ပြတောင်းခံသွားမှာ ဖြစ်ကြောင်းနဲ့ ခွင့်ပြုသည့်အခါတွင် ခရိုင်ရုံးဖွင့်လှစ်နိုင်ရေးဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ယခုအခါမှာတော့ မိုးညှ င်းခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ခရိုင်ရုံးမဖွင့်လှစ်နိုင်သည့် ကြားကာလအတွက် ယာဉ်စစ်ဆေးမှုပိုမိုအဆင်ပြေ စေရေးအတွက် တစ်နှစ်လျှင် ၄ ကြိမ်စစ်ဆေးနေရာမှ ၅ ကြိမ် နှုန်းသို့တိုးမြှင့်၍ နယ်လှည့်စစ်ဆေးရေးအဖွဲ့အား စေလွှတ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းမယ့်မေးခွန်းတွေဟာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားရမယ့် မေးခွန်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက် ဆိုင်ရာမေးခွန်းတွေကို တ စ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## မုန်းချောင်းမြစ်ဝှမ်းလွင်ပြင်ရှိ မြေလွတ်မြေရိုင်းများကို ပြည်ထောင်စုအစိုးရက လယ်မြေများအဖြစ် ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမ နားနိုင်း က မုန်း ချောင်းမြစ်ဝှမ်း လွင်ပြင်ရှိ မြေလွတ်မြေရိုင်းများကို ပြည်ထောင်စုအစိုးရက လယ်မြေများအဖြစ် ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နဲ့ ပြည်ထောင်စုဝန်ကြီးများ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမနားနိုင်း

ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ကန်ပက်လက်မြို့နယ်မှာရှိတဲ့မုန်းချောင်းမြစ်ဝှမ်း လွင်ပြင်ဒေသမှာရှိနေတဲ့ မြေလွတ်မြေရိုင်းများကို စိုက်ပျိုးလယ်ယာမြေအဖြစ် တူးဖော်အကောင်အထည်ဖော်ပေးဖို့ အစီစဉ် ရှိ/မရှိ မေးခွန်းကို ကျွန်တော် မေးမြန်းလိုတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော့်ရဲ့ မေးမြန်းတင်ပြချက်ကို ဖတ်ကြားခွင့်ပြုပါ၊ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တို့ ကန်ပက်လက်မြို့နယ် ကျေးလက်နေပြည်သူ အများစုဟာ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးစနစ်အားဖြင့်သာ အသက်မွေးဝမ်း ကျောင်း ပြုလျက်ရှိပါတယ်။ ဒီစနစ် အနေအထားကြောင့် မြေဆီသြဇာများ ကုန်ခမ်းလာခြင်းဖြင့် အထွက်နှုန်းကျဆင်းလာပြီး ဝမ်းစာမမီ ဝမ်းစာမဖူလုံသည့် အခက်အခဲများ ၊ ရာသီဥတုဖောက်ပြန်ခြင်းနှင့် သဘာဝ ဘေးဒဏ်များ ကြုံမိပြန်ရင်လည်း စားဝတ်နေရေး ပို၍ပို၍ခက်ခဲသည့် အဖြစ်ဆိုးများနှင့် သာ ရင်ဆိုင် တွေ့ကြုံကြရပါတယ်။ ယနေ့ ကျန်ရှိနေသေးတဲ့ တောစိမ်းများဟာလည်း မိမိတို့ရဲ့ဝမ်းစာရေး မိမိတို့ရဲ့ အကျိုးစီးပွားကို ရှေ့တန်းတင်ပြီးတော့ တောင်ယာအဖြစ် ခုတ်ထွင်ကြတဲ့အခါမှာ သစ်တောစိမ်းများရယ်လို့ ရှားပါးသထက်ရှားပါးပြီးတော့မှ နည်းပါးလာတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့လက်ရှိ အနေအထားအရ ဥယျာဉ်လယ်ယာ စိုက်ပျိုးနိုင်ရန် အကောင်းဆုံးသော နယ်မြေဒေသဟာမုန်းချောင်းမြစ်ဝှမ်း လွင်ပြင်ဒေသဖြစ်ပါတယ်။ ဆက်လက်ပြီးတော့မှ လယ်ယာမြေအဖြစ် လုပ်ဆောင်နိုင်ဖို့အတွက် လွင်ပြင်မြေဒေသမြေလွတ်မြေရိုင်းများဟာ ဧက ၁၀၀၀ ကျော်ခန့်ရှိပါတယ်။ ဒီဧက ၁၀၀၀ ကျော်ဟာ ရွာပေါင်း ၃၀ ကျော်လောက်က လုပ်ဆောင်နိုင်မယ့် အနေအထားဖြစ်ပါတယ်။ အကယ်လို့သာ လုပ်ဆောင်နိုင်မယ်ဆိုရင် ကျွန်တော်တို့ ကန်ပက်လက်မြို့နယ် တစ်မြို့နယ်လုံးအတွက် အားထားရမယ့်ဒေသနေရာဖြစ်ပါတယ်။ ဒီလယ်ယာမြေရိုင်းများဟာဖော်ထုတ်လုပ်ကိုင်ခြင်းအားဖြင့် ဒေသဝမ်းစာဖူလုံလာလိမ့်မယ်။ ရွှေ့ပြောင်းတောင်ယာစနစ် လျော့ပါးလာလိမ့်မယ်။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းမှုဟာလည်း များစွာ အထောက်အကူပြုပြီး တော့ ကျေးလက် နေပြည်သူများရဲ့ဆင်းရဲမှု ဟာလည်းပဲ တဖြည်းဖြည်း လျော့ကျလာပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် နိုင်ငံတော်မှချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ဆင်းရဲနွမ်းပါးမှုလျော့ချရေးအစီအစဉ်မှာကန်ပက်လက်မြို့နယ်၊ မုန်းချောင်းဒေသ မြေလွတ်မြေရိုင်းများကို ပြည်ထောင်စုအစိုးရ၏ အစီအမံဖြင့် အကောင်အထည်ဖော်ထုတ်ပေးနိုင်ပါရန် အစီအစဉ် ရှိ /မရှိ ကို သိရှိလိုပါကြောင်း လေးစား စွာ မေးမြန်းတင်ပြအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကို အစည်းအဝေးခန်းနှင့်တွဲလျက် နိုင်ငံတော်မှ သင့်တော်သော အဆောက်အဦတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦး ကျွန်ခဲန်းက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကို အစည်းအဝေးခန်းနှင့် တွဲလျက် နိုင်ငံတော်မှ သင့်တော်သော အဆောက်အဦ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားရပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် အစည်းအ ဝေးတက်ရောက်လာ ကြသော ရောင်းရင်းအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကျန်းမာချမ်းသာ ပြီး မိမိကိုယ်ကို ကျေနပ် ဝမ်းမြောက် အားရနိုင်ကြပါစေကြောင်း ဂါရ ဝပြုရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါမှာ ကျွန်တော်တို့ နိုင်ငံတော်သည် စည်းကမ်းပြည့်ဝပြီး၊ သူမတူအောင် စစ်မှန်သော ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ ကျွန်တော်တို့ လျှောက်လှမ်း နိုင်ခဲ့ပါပြီ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးမှူး အဆင့်ဆင့်ကိုလည်း ကျွန်တော်တို့ ဖော်ဆောင်ခဲ့ပြီဖြစ်ပါ တယ်။ အခြေခံအကျဆုံးဖြစ်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကိုလည်း ဖော်ဆောင်နိုင်တော့မည် ဖြစ်ပါတယ်။ ထိုသို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးကို ဖော်ဆောင်တဲ့နေရာမှာ သူတို့လုပ်ငန်းဆောင်ရွက်မှုများ ပီပီပြင်ပြင် ဆောင်ရွက်နိုင် ဖို့ရန်အတွက် ကျွန်တော်တို့ အုပ်ချုပ်ရေးမှူးရုံးကိုလည်း လိုအပ်နေပြီ ဖြစ်ပါတယ်။ ယခင် ရပ်ကွက်နဲ့ ကျေးရွာအုပ်စုမှာ ရ .ယ.က ခေတ်တုန်းက အဆောက်အဦ တချို့နေရာမှာ သားသား နားနား ဆောက်ခဲ့တာလည်း ရှိပါတယ်။ တချို့ကျတော့ဆောက်ပြီးသားကို ပြန်လည် မပြုပြင် နိုင်တဲ့ ဟာလည်း ရှိပါတယ်။ တချို့ကျတော့ မဆောက်သေးတာလည်း ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော့် မေးခွန်းပါအတိုင်း ဒေသနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနှင့် လိုက်လျော ညီထွေသော ရပ်ကွက်ရုံး၊ အုပ်ချုပ်ရေးမှူးရုံးကို အစည်းအ ဝေးခန်းမနှင့် တွဲပြီးမှ နိုင်ငံတော်က

နေပြီးမှ တည်ဆောက်ပေးနိုင်ဖို့ ရှိ /မရှိ မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ ။** ။ မေးခွန်းများနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၇။**

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို( ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင် စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ဖြစ်ပါတယ်။ အခုလွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသွားတဲ့ မေးခွန်းများနဲ့ ပတ်သက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ပထမဦးစွာ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမနားနိုင်း ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားသွား မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုး ရအနေနဲ့ ပြည်သူလူထု၏ စား ဝတ်နေရေး အဆင်ပြေစေဖို့အတွက် စိုက်ပျိုးရေးလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်လာအောင် စီမံချက်တွေချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ နိုင်ငံတော်အသုံးစရိတ်ပေါ်မူတည်ပြီးတော့မှ ဆည်မြောင်းဘာတမံတွေဆောက်လုပ်ခြင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သမဝါယမအသင်းတွေ တည်ထောင်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်တောပြုန်းတီးမှုများမှ ကာကွယ်နိုင်ဖို့ အတွက် စီမံချက်တွေချမှတ်ပြီးတော့ အစိုးရ၊ ပုဂ္ဂလိကနဲ့ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းဆိုတွေ ပျိုးထူထောင်ပေးခြင်းတွေဆောင်ရွက်ပေးလျက်ရှိပါတယ်။ ချင်းပြည်နယ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးနိုင်တဲ့ မြေဧရိယာနည်းပါးတဲ့အတွက် ပြည်သူအများစုက ရွှေ့ပြောင်းတောင်ယာစနစ်ကို ကျင့်သုံးနေသောကြောင့် မြေဆီလွှာ ခမ်းခြောက်ခြင်းတွေ၊ သစ်တောသစ်ပင် ပြုန်းတီးခြင်း၊ ရာသီဥတု ဖောက်ပြန်ခြင်းတွေဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတွေ့ကြုံလျက် ရှိနေတာကိုလည်း တွေ့ရှိရပါတယ်။ ချင်းပြည် နယ်အတွင်းမှာ အဆိုပါ ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် သစ်တောများ ပြုန်းတီးပြီးတော့မှ သဘာဝပတ်ဝန်းကျင်နဲ့ ရာသီဥတုဖောက်ပြန် ပြောင်းလဲနေမှုတို့ကို ထိန်းသိမ်းနိုင်ဖို့အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန အနေနဲ့ ၂၀၀၂ -၂၀၀၃ ဘဏ္ဍာရေးနှစ်က စပြီးတော့မှ

ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက် ရှိတဲ့နေရာမှာ ယနေ့အထိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အစီအစဉ်နဲ့ ဧကပေါင်း ၂၆၈၄ ဧက၊ တောင်သူများရဲ့ အစီအစဉ်နဲ့ ၄၁၀၉ ဧက၊ စုစုပေါင်း ၆၇၉၃ ဧကကို ဖော်ထုတ် ပေးခဲ့ကြောင်း သိရှိရပါတယ်။ ထို့အတူပဲ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရန်ပုံငွေခွင့်ပြုချက်အရ ကုန်းမြင့်လယ်ယာမြေဧက ၁၀၀ ဖော်ထုတ်ရန် လျာထားပြီးတော့ ဆောင်ရွက် လျက်ရှိတဲ့နေရာမှာ ယနေ့အထိ ၅၂ ဧက ဖော်ထုတ်ပြီးကြောင်း စာရင်းဇယားများအရ သိရှိရပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြေဝ်းဝန်ကြီးဌာနရဲ့ စာရင်းဇယားများအရ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်မှာရှိတဲ့ ကန်ပက်လက်မြို့နယ်အတွင်း မုန်းချောင်းမြစ်ဝှမ်း လွင်ပြင်ဒေသမှာ ကျေးရွာအုပ်စု (၇)အုပ်စုရှိပြီးတော့မှ မြေလွတ်၊ မြေရိုင်း ဧရိယာ (၈၀၇) ဧက ရှိကြောင်းသိရပါတယ်။ နုန်းမြေနဲ့ ကျောက် စရစ်ရောမြေတို့ဖြစ်ကာ မြေပြင်အနေ အထား ပြန့်ပြူးခြ င်း၊ လက်ရှိမြေ ပြင်အခြေအနေမှာ သစ်ပင်ကြီးနဲ့ချုံနွယ်များ ရောနှောပေါက်ရောက်နေကြောင်း တွေ့ ရှိရတဲ့အတွက် မြေပြုပြင်ဖော်ထုတ်ပြီးတော့မှ စပါးနဲ့အခြားသီးနှံတွေ စိုက်ပျိုးနိုင်မှာဖြစ်ကြောင်းစိစစ် တွေ့ရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ကြီးရဲ့ မေးခွန်းမှာ တင်ပြထားတဲ့ မုန်းချောင်း မြစ်ဝှမ်းလွင်ပြင်ဒေသမှာ လယ်ယာ စိုက်ပျိုးလုပ်ငန်းလုပ်ကိုင်ရေးနဲ့ နှစ်ရှ ည်သီးနှံစိုက်ပျိုးရေးလုပ်ငန်းအတွက် မြေလွတ်၊ မြေရိုင်းဖော်ထုတ်လိုပါက စိုက်ပျိုးလုပ်ကိုင်လိုသူ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းဟာ နိုင်ငံတော်က ဖွဲ့စည်းပေး ထားတဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးဥက္ကဋ္ဌ အဖြစ်ပါဝင်တဲ့ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီကို မြို့နယ်/ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထောက်ခံချက်များနှင့်အတူ သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနရဲ့ ထောက်ခံချက် ၊ပြည်နယ်အစိုးရရဲ့ သဘောတူညီချက်များနဲ့အတူ လျှောက်ထားနိုင်ပါတယ်။ ကော်မတီ အနေနဲ့ ခွင့်ပြုချက်ရရှိလို့ရှိရင် ဗဟိုမြေယာကော်မတီရဲ့ ညွှန်ကြားချက်များနဲ့အညီ ဆက်လက်ဆောင်ရွက်ခွင့် ရရှိမှာဖြစ်ပါတယ်။

အဆိုပါ မြေလွတ်၊ မြေရိုင်းများကို ဖော်ထုတ်ပြီးမှ ရေသွင်းစိုက် ပျိုး လယ်ယာမြေများအဖြစ် ဖော်ထုတ်လုပ်ကိုင်လိုရင် အဆင့်ဆင့် စိစစ်ထောက်ခံချက်တွေနဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ကို တင်ပြပြီးတော့ ချင်းပြည်နယ်အစိုးရအဖွဲ့က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ကျွမ်းကျင်မှုအကူအညီတွေရရှိဖို့ ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆက်လက်တင်ပြ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သဘောတူညီချက် ရလို့ရှိရင်တော့ ပြည်နယ်အစိုးရအဖွဲ့ရဲ့

ဘဏ္ဍာငွေ၊ ပြည်ထောင်စု အစိုးရအဖွဲ့ ရဲ့ ထပ်မံပံ့ပိုးပေးမှုတို့နဲ့ စက်ယန္တရားတွေ အသုံးပြုပြီး တော့မှ လယ်ယာမြေတွေ ဖော်ထုတ်လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ တောင်ကုန်း၊ တောင်တန်း နေရာတွေကို ကုန်းမြင့်လယ်ယာမြေများအဖြစ် ဖော်ထုတ်ပြီးမှ ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်မှု ကနေ အမြဲတမ်းလယ်ယာမြေများအဖြစ်ပြောင်းလဲ အသုံးပြုနိုင်မှာပဲ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့ မြေလွတ်၊ မြေရိုင်းတွေကို ရေသွင်းစိုက်ပျိုးတဲ့ လယ်ယာမြေ များအဖြစ် ဖော်ထုတ်ဆောင်ရွက်နိုင်ရေးနဲ့ ရွှေ့ပြောင်းတောင်ယာအစား ကုန်းမြင့်လယ်ယာမြေ အဖြစ် ပြောင်းလဲလုပ်ကိုင်နိုင်ရန်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့က အထက်ပါ လုပ်ထုံးလုပ်နည်းများ အတိုင်း တင်ပြဆောင်ရွက်နိုင်ပါကြောင်းနဲ့ ဒီလိုတင်ပြလာလို့ရှိရင်တော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ချင်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်း ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ပံ့ပိုးမှုနဲ့ ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒုတိယမေးခွန်းကို ကျွန်တော် ဆက်လက် ပြီးတော့ ဖြေကြားဖို့ပါ့ယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို တိုင်းဒေသကြီး၇ခု၊ ပြည်နယ်၇ ခု၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း ၁ ခု၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ၅ ခု၊ ခရိုင် ၆၈ ခရိုင်၊ မြို့နယ် ပေါင်း ၃၃၀၊ မြို့နယ်ခွဲ ပေါင်း ၈၂ ခု၊ မြို့ ပေါင်း ၃၉၆ မြို့၊ ရပ်ကွက်ပေါင်း ၃၀၄၄ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၁၃၆၂၈ အုပ်စု၊ ကျေးရွာပေါင်း ၆၄၃၄၆ ရွာနဲ့ လက်ရှိဖွဲ့စည်း ထားပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေဟာ နိုင်ငံတော်သမ္မတ ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဌာနအသီးသီးရဲ့ ဌာနဆိုင်ရာလုပ်ငန်းတွေ ကို တာဝန်ပေးပြီးတော့မှ ခရိုင်နဲ့ မြို့နယ်အတွင်းမှာ ရှိတဲ့ ပြည်သူတို့ အတွက်စားဝတ်နေမှု ဖူလုံရေးနဲ့ စိုက်ပျိုး ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေး စတဲ့လုပ်ငန်းတွေကို တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိတဲ့နေရာမှာ အုပ်ချုပ်ရေးနဲ့ တရားဥပဒေ စိုးမိုးရေးတို့ကိုလည်း တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒီလို ဆောင်ရွက်ပေးလျက်ရှိတဲ့ နေရာမှာ ပြည်သူလူထုနဲ့ အနီးကပ်ထိတွေ့ဆောင်ရွက်မှုကို ပြုလုပ်နေရတဲ့ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက အကောင်အထည်ဖော်ပြီးတော့မှ ရပ်ကွက်နဲ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အတွက် ရုံးများကို ယခင်ရပ်ကွက်နဲ့ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အစဉ်အဆက် အသုံးပြုခဲ့တဲ့ အဆောက်အဦတွေ ကိုပဲ ဆက်လက်အသုံးပြုဖို့ စီစဉ်ပေးခဲ့ရ တာ ဖြစ်ပါတယ်။ ဒီရုံးတွေဟာ အရင်က သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အစီအစဉ်နဲ့ အဆောက်အဦတွေ ဆောက်လုပ်ပေးခြင်း၊ ပြင်ဆင်ပေးခြင်း၊ ရုံးမြေနေရာများကို သတ်မှတ်ပြီးတော့မှ ဆောင်ရွက်ပေးခြင်း

ရပ်ကွက်နဲ့ကျေးရွာအတွင်းမှာရှိတဲ့ လစ်လပ်နေတဲ့ အဆောက်အဦတွေကို ရုံးအဖြစ် ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ပေးလျက် ရှိ ပါတယ်။ နိုင်ငံတော်တစ်ဝန်းလုံးမှာ ရပ်ကွက် ပေါင်း ၃၀၄၄ ရပ်ကွက်၊ကျေးရွာအုပ်စုပေါင်း ၁၃၆၂၈အုပ်စုဖြစ်တဲ့အတွက် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးပေါင်း စုစုပေါင်း ၁၆၆၇၂ ရုံးကို ဖွင့်လှစ်ထားရှိပါတယ်။ အဲ့ဒီရုံးနေရာများဟာ များသောအားဖြင့် ရပ်ကွက်နဲ့ ကျေးရွာအုပ်စုအတွင်း သင့်လျော်တဲ့နေရာတွေမှာ တည်ရှိပြီးရပ်ကွက်နဲ့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က အထောက်အကူပြု အဖွဲ့နဲ့ အစည်းအ ဝေး ပြုလုပ်နိုင်တဲ့ အခြေအနေရှိကြောင်းကိုသိရပါတယ်။ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု အတွင်းမှာ ပြည်သူ လူထုနဲ့ အစည်းအ ဝေး ကျင်းပဖို့လိုအပ်တဲ့အခါမှာတော့ အဲဒီရပ်ကွက်နဲ့ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ဘာသာရေးအဆောက်အဦတွေ၊ လူမှုရေးဆိုင်ရာ အဆောက်အဦတွေ၊ ဓမ္မာရုံ၊ စာသင်ကျောင်းစတဲ့ စုဝေးခန်းမတွေမှာ အသုံးပြုတာ ရှိပါတယ်။ ဒါမှမဟုတ် လို့ရှိရင်တော့ သက်ဆိုင်ရာ ရပ်ကွက်မှာရှိတဲ့ လူအများစုဝေးနိုင်တဲ့ မြေလွတ်၊ မြေလပ်၊ ကစားကွင်းများမှာ ယခင် ရပ်ကွက်နှင့်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတွေက ကျင်းပပြုလုပ်ပေးခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးပေါင်းဟာ ခုနက တင်ပြသလို ၁၆၀၀၀ကျော် ရုံးကို အစည်းအဝေးခန်းမနဲ့တွဲပြီးတော့မှ အဆောက်အဦ ရုံးအသစ်တည်ဆောက်ပေးရန်မှာ နိုင်ငံတော်ဘဏ္ဍာငွေကို အထူးတလည်မလိုအပ်သေးတဲ့ ကဏ္ဍမှာအသုံးပြုရာ ရောက်နိုင်ပြီးတော့မှ အဲ့ဒီအတွက်ကြောင့်လည်း အခြားဖွံ့ဖြိုးရေးလုပ်ငန်းတွေ အကောင်အထည်ဖော် တဲ့နေရာမှာလည်း ဘဏ္ဍာငွေသုံးစွဲနိုင်မှုဟာ လျော့နည်းသွားနိုင်ပါတယ်။ နိုင်ငံတော်အနေနဲ့ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး အသစ်တွေ တည်ဆောက်ပေးရန်မှာလည်း လက်ရှိအနေအထား အရသင့်တင့်တဲ့ အဆောက်အဦတွေရှိပြီးနေတာကတစ်ကြောင်း၊ အသစ်တည်ရှိခဲ့တဲ့ အဆောက်အဦတွေ ဆောက်လုပ်ဖို့နဲ့ ထိန်းသိမ်းဖို့ ရန်ပုံငွေတွေဟာ အမြဲလိုအပ်နေမှာဖြစ်တာကတစ်ကြောင်း၊ ဒါ့အပြင် အုပ်ချုပ်ရေးမှူးရုံးတွေမှာလည်း လူအင်အားမများသလို ပြည်သူလူထုနဲ့ အစည်းအဝေးကျင်းပဖို့လိုအပ်လာတဲ့ အခါမှာသည်း ခုနတင်ပြသလိုဘာသာရေး၊ လူမှုရေးဆိုင်ရာ အဆောက်အဦတွေမှာ အသုံးပြုနိုင်တာဖြစ်လို့ ရပ်ကွက်နဲ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွေကို အစည်းအဝေးခန်းမနဲ့ တွဲပြီးသင့်တော်တဲ့ အဆောက်အဦအဖြစ် နိုင်ငံတော်က ဆောက်လုပ်ပေးနိုင်ဖို့ လတ်တလောဆောင်ရွက် ပေးနိုင်တဲ့ အစီအစဉ်မရှိသေးကြောင်း ဖြေကြားလိုပါတယ်။ အကယ်၍ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွေဟာ သင့်တင့်တဲ့ အသွင်အပြင်ဖြစ်ဖို့ လိုအပ်နေပြီးတော့မှ

ကောင်းမွန်ခြင်း မရှိဘူးဆိုလို့ရှိရင်တော့ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးတို့ထံ တင်ပြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ လမ်းညွှ န်ချက်နှင့် အညီ ဆောက်ရွက်သွားနိုင် ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဗဒုံမင်း(ဘိုးတော်ဘုရား)အား ဆက်သခဲ့သော ထူးမြတ်သည့် နိ ဗ္ဗာန်နပစ္စယ နာဂရာဇာဆဒ္ဒန် ဆင်ဖြူတော်မှ ကြွင်းကျန်သောအစွယ်တော်(၂)ချောင်း သဘာဝသမိုင်းပြတိုက်သို့ ရောက်နေခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းထဲ့မးခွန်းဟာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိ ယဝန်ကြီးက ဖြေကြားရမယ့် မေးခွန်း ဖြစ်ပါတယ်။ တနင်္သာရီတိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသ န်းဆွေက ဗဒုံမင်း (ဘိုးတော်ဘုရား)အား ဆက်သခဲ့သော နိဗ္ဗာန်နပစ္စယ နာဂရာဇာဆဒ္ဒန် ဆင်ဖြူတော်မှ ကြွင်းကျန်သော အစွယ်တော်(၂)ချောင်း သဘာဝ သမိုင်းပြတိုက်သို့ ရောက်နေခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဦးသန်းဆွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့် ဗဒုံမင်းခေါ်တဲ့ ဘိုးတော်ဘုရား ဆက်သခဲ့သော နိဗ္ဗာန်န ပစ္စယ နာဂရာဇာဆဒ္ဒန် ဆင်ဖြူတော်၏ အစွယ်(၂)ချောင်းဟာ သဘာဝသမိုင်းပြတိုက်ကို ရောက် နေခြင်းနှင့် ပတ်သက်ပြီးတော့ မေးမဲ့ မေးခွန်းဖြစ်ပါတယ်။ သဘာ ဝသမိုင်းပြတိုက်က တိရစ္ဆာန် ရုံ ထဲရှိပါတယ်။ အဲ ဒီတော့ ကျွန်တော်တို့ရဲ့ ဆရာကြီးဒေါက်တာသန်းထွန်း ပြောသလို ဆင်ဖြူတော် ဆိုတာကလည်း တိရစ္ဆာန်ပါပဲကွာ ဆိုတာမျိုး တိရစ္ဆာန်အနေနဲ့ တိရစ္ဆာန်ရုံထဲ ပို့ထားတာ ကတော့ အဲဒီလိုများ ပို့ထားလားမသိပါဘူး။ အဲဒီတော့ အဲဒီမှာ မြင်ရတဲ့အတိုင်းပါဘဲ။ ဒီဆင်ဖြူတော်ကြီးအဲဒီမှာ ဘယ်လိုရေးထားလည်းဆိုတော့ Sacred Tusk ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်လို ပြောခွင့် ပြုပါ။ ထူးမြတ်တဲ့ အစွယ်ဆိုပြီးသူက ပြောထားပါတယ်။ အဲဒီတော့ ဆင်ဖြူတော်ကိုလည်း ဆင်ဖြူတစ်ကောင် လို့ မခေါ်ပါဘူး။ ဆင်ဖြူတော်တစ်စီးလို့ခေါ်ပါတယ်။ ဆင်စွယ်ကိုလည်း ဆင်စွယ်တော်လို့သုံးနှုန်းခဲ့ ပါတယ်။ ဒါကြောင့် အခုမြင်ရတဲ့ ဆင်စွယ်တော်ကြီးကဖြင့် တစ်ဖက်တစ်ချ က်က အမြင့်ဆုံး ဆင်စွယ်ကြီးလည်း ဖြစ်ပါတယ်။ အောက်ကအတိုနှစ်ချောင်းက ကျွန်တော်တို့ ထား ဝယ်ခရိုင်က

ဆင်စွယ်ပါ၊ အလယ်က ဆင်စွယ်မဲကတော့ ရခိုင်ပြည်နယ်ကရတဲ့ ဆင်စွယ်ပါ။ အဲဒီတော့ ဆင်စွယ်ကြီးဟာ လွှတ်တော် အမတ်မင်းများမြင်ရတဲ့ ဆင်စွယ်ကြီးဟာ လက်ယာဘက်ဆင်စွယ် ဆိုရင် လုံးပတ်က ၂ ထွာ လက်လေးလုံးရှိပါတယ်။ အလျားက ၄ တောင်၊ ၂ ထွာ ရှိပါတယ်။ အလေးချိန်က ၂၇ ပိသာ ၅၀ ကျပ်သား ရှိပါတယ်။ လက်ဝဲဘက်ဆင်စွယ်ဆိုရင် လုံးပတ်က ၂ ထွာ လက်လေးလုံး၊ အလျားက ၄ တောင်၊ ၂ ထွာ လက်လေးလုံးနဲ့ အလေးချိန်က ၂၉ ပိသာ ၅ ကျပ်သား ရှိပါတယ်။ အဲတော့ ဒီဆင်စွယ်ကြီးဟာ ဟံသာဝတီမြို့တောင်ဘက်၊ နိဗ္ဗာန်ရွာကနေ ကွင်းသာယာရပ်က ဆင်အခြေအရံ မောင်းမပေါင်း ၁၀၀၀ကျော် ခြံရံပြီးတော့ ပါဂွမ်းကဲ့သို့ ဆွတ်ဆွတ်ဖြူနေတဲ့ ဆဒ္ဒန်ဆင်စွယ် အစစ်ဖြစ်လို့ နိဗ္ဗာန်နပစ္စယ နာဂရာဇာဆိုတဲ့ ဘွဲ့ရပါတယ်။ ဒီလိုထူးမြတ်တဲ့ ဆင်ကြီးရဲ့ဆင်စွယ်ကြီးကို ဒီလို သဘာဝ သမိုင်းပြတိုက်ထဲမှာ ထားတာဖြင့် မသင့် တော်ပါဘူး။ ကျွန်တော်တို့ သူနဲ့ သင့်တော်မယ့် အမျိုးသားပြတိုက် သို့မဟုတ် ယခုတည်ဆောက် နေတဲ့ နေပြည်တော်က အမျိုးသားပြတိုက်ကြီးမှာ ရွှေ့ပြောင်းထားရင်ဖြင့် သင့်တော်မယ်ထင်လို့ ဒီအဆိုကို တင်သွင်းခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ဒီဆင်ကြီးကို ဘာကြောင့် Sacred Tusk ဆင်စွယ်ကြီးလို့ ဘာလို့ခေါ်ရလဲ၊ ဒီဆင်ကြီးဟာ ဘာကြောင့်ထူးမြတ်လဲ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အနည်းငယ် ရှင်းခွင့် ပြုပါ ခင်ဗျား။ ကျွန်တော်တို့ မြန်မာဗုဒ္ဓဘာသာများအနေနဲ့တော့ မြတ်စွာဘုရားဟာ နုစဉ်အခါက ဆဒ္ဒန်ဆင်မင်း ဖြစ်ခဲ့တာလည်း အများသိပါတယ်၊ မြတ်စွာဘုရား ဝေဿန္တရာမင်းကြီး ဘဝမှာလည်း ဒီဆင်ဖြူလှူလို့ ပြဿနာ ဖြစ်တာလည်းအများကြီး ကြားဖူးပါလိမ့်မယ်။ နောက်ဆုံး ဘုရား အလောင်းတော် မယ်တော်မာယာ ဝမ်းကြာတိုက်ကို ဝင်စားတဲ့အခါမှာလည်း မယ်တော် မာယာ ဟာ ဆင်ဖြူတော်ကြီး အိပ်မက်မက်ပြီးတော့ သူ့ဝမ်းကြာတိုက်ကို ကိန်းအောင်းတယ်လို့ မက်ပြီးမှ သိဒ္ဓတ္ထမင်းသား ဖွားမြင်လာတာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာဗုဒ္ဓဘာသာများအဖို့ ဆင်ဖြူတော် ဟာ အင်မတန်မှ အ ရေးပါ ထူးမြတ်ပြီးတော့ အမြတ်တနိုး ထားတာဖြစ်ပါတယ်။ ဆင်မဲတစ်သိန်း မှာမှ ဆင်ဖြူတော်တစ်စီး မပေါ်ပါဘူးခင်ဗျား။အခုကြားရတဲ့ သတင်းကောင်းကတော့ ကျွန်တော်တို့ တိုင်းပြည်မှာ အခု ဆင်ဖြူတော်၅ စီး၊ ၆ စီး ရှိနေတဲ့အပြင် မကြာခင်ဘဲ ဂန့်ဂေါနယ်ကဆင်ဖြူတော် တစ်စီး ပေါ်နေတယ်ဆို တာ ဝမ်းမြောက်ဖွယ် သတင်းကိုလည်း ပြောကြားလိုပါတယ်။ မင်းကျင့် တရားဆယ်ပါးနှင့်ညီတဲ့ တိုင်းပြည်မှာမှ ရတနာတစ်ပါးဖြစ်တဲ့ ဆင်ဖြူတော်ဟာ ပေါ်ပါတယ်။ ဆင်ဖြူတော်ရှိမှလည်း မိုးကောင်း၊ မိုးမှန်တယ်။ သီးနှံ၊ အစာရေစာ ဝပြောစည်ပင်တဲ့ တိုင်းပြည်ဖြစ်တယ်စသည်ဖြင့် ရှေးက အယူရှိတဲ့အတွက် ဒါ ကျွန်တော်တို့ ဆင်ဖြူတော်ကို တန်ဖိုး

ထားခြင်းဖြစ်ပါတယ်။ ရှေးမင်းများကလည်း ဆင်ဖြူရှင်ဘွဲ့ခံခဲ့ကြပါတယ်။ အခုမြင်ရတာကတော့ ဒဗ္ဗလင်ပြတိုက်က ကျွန်တော် ရခဲ့တဲ့ အမရပူရနန်းက ဆင်ဖြူတော်ကြီးရဲ့ ဓာတ်ပုံပါ။ အင်္ဂလိပ်တွေ ရိုက်ယူသွားတာပါ။ ဒီဆင်ကြီးအကြောင်း ကျွန်တော် အနည်းငယ်ပြော ခွင့်ပြုပါခင်ဗျား။ ဒီဆင်ကြီးက ဘယ်လောက်ထူးလည်းဆိုတော့ ဆဒ္ဒန်ဆင်ဖြူ ၁၀ မျိုး ရှိပါတယ်။ ကာဠာဝက၊ ဂင် ယျ၊ ပဏ္ဍရ၊ တမ္ဗ၊ ပိင်္ဂလ၊ ဂန္ဓ၊ မင်္ဂလ၊ ဟေမ၊ ဥပေါသထ နဲ့ ဆဒ္ဒန် ဆိုပြီး ဆင်ဖြူ ၁၀ မျိုး ရှိပါတယ်။ ဒီဆင်ဖြူ ၁၀ မျိုးမှာ ကျွန်တော်တို့ ဒီဆင်ကြီးဟာ ဆဒ္ဒ န်ဆင်မျိုး ဖြစ်ပါတယ်။ ဒီဆင်ကြီးကို ဘိုးတော်ဘုရား လို့ခေါ်တဲ့ ဗဒုံမင်းကို ဆက်သတဲ့အခါမှာ လသားပဲရှိပါတယ်။ ဒီဆင်ကြီးကို အမရပူရနန်းကို အခမ်းအနားနဲ့သယ်တာလည်း သီးခြားပုရပိုက် ရှိပါတယ်။ ဘယ်လောက် ခမ်းနားလည်းဆိုတာ ကျွန်တော်ပြော နေရင်တော့ ရှည်ပါတယ်။ ဒီဆင်ကြီးကိုရတဲ့အခါမှာ ကလေးဘဝပဲရှိတော့ နို့ထိန်း အမျိုးသမီး ၁၆ယောက်နဲ့ မွေးမြူခဲ့ရပါတယ်။ ဒီဆင်ကြီးကို ခေါင်းဆေးမင်္ဂလာပြုရင် ဘုရင့်သားတော်၊ သမီး တော်တွေ ခေါင်းဆေးမင်္ဂလာပြုတဲ့ အတိုင်း ရှိပါတယ်။ ဒါကြောင့် နိဗ္ဗာ န်န ပစ္စယနာဂရာဇာဆဒ္ဒန် ဆင်ဖြူတော်ကြီးကို ခေါင်းဆေးမင်္ဂလာ ပြုတဲ့အခါမှာလည်း ပြုခြင်း အခမ်းအနား ပုရပိုက် သီးခြားရှိပါတယ်။ အဲဒီအခါတုန်းက ဒီဆင်ဖြူ တော်ကြီးကို ဗဒုံမင်းဟာ လက်ဖွဲ့ရပါတယ်။ ဘယ်လောက် တန်ဖိုး ရှိလဲဆိုတော့ ငွေသားအားဖြင့် ဟိုခေတ်ကငွေ ၁၆ သိန်း နဲ့ ၆ သောင်းကျော်၊ဒါမင်းဖွဲ့တဲ့လက်ဖွဲ့ပါ။ကျန်တဲ့ အိမ်ရှေ့မင်းနဲ့ တကွ၊မိဖုရားတွေ၊ မင်းသားတွေ၊ မင်းသမီးတွေလက်ဖွဲ့တာ အားလုံးက ရွှေ ပိဿာ အားဖြင့် ၄၀ ကျော် ရှိတယ်လို့ မှတ်တမ်းရှိ ပါတယ်။ ဒီဆင် ဖြူကြီးရဲ့ ထူးမြတ်တာဟာ ဗဒုံမင်း လက်ထက်မှာ ဗဒုံမင်းက သူ့ကို စလင်းမြို့နှင့် ဖောင်လင်းမြို့ကို နှစ်မြို့ မြို့စားအဖြစ်နဲ့ ပေးပါတယ်။ စစ်ကိုင်းမင်းလို့ခေါ်တဲ့ ဘကြီးတော် လက်ထက်မှာတော့ လယ်ကိုင်းမြို့ကို စားရလို့ ဒီဆင်ဖြူတော် ကြီးဟာ မြို့၃ မြို့စား ဖြစ်ပါတယ်။ ဒီ ဆင်ဖြူတော်ကြီးရဲ့ လက်ဖွဲ့ပစ္စည်းတွေများပြားပြီး ချမ်းသာလွန်းတော့ ဆင်ဖြူတော် ကြီးဟာ ကျွန်တော်တို့ မန္တလေးမြို့က အိမ်တော် ရာဘုရားနားက ဆင်မင်းတံတား ဆိုတာကလည်း ဒီဆင်ဖြူတော်ကြီး ကောင်းမှုပါဘဲ။ ကျွန်တော်တို့ ဘကြီးတော်လက်ထက်မှာ အင်္ဂလိပ် -မြန်မာ ပထမစစ်ပွဲဖြစ်တော့ ကျွန်တော်တို့ မြန်မာများကစစ်ရှုံးလို့ ငွေ ဒင်္ဂါးတစ်ကုဋေ စစ်လျော်ကြေးပေး ရတဲ့ အခါမှာ ဘကြီးတော်ဟာ ပေးဖို့ မလောက်ဘူး၊ ငွေတော့ရှိပါတယ်။ ငွေဒင်္ဂါး မသွန်းလုပ် နိုင်ဘူး။ တစ်ကုဋေမပြည့်တဲ့အတွက် ဒီဆင်ဖြူတော်ကြီးဆီက ချေးရတယ်လို့ ဒီပုရပိုက် မှတ်တမ်း တွေမှာရှိပါတယ်။ အခမ်းအနားနဲ့ကို ဆင်ဖြူတော်ကို လျှောက်ပြီးတော့ ချေးပြီးတော့ ပြန်ဆပ်ရ ပါတယ်။ အခု မြင်ရတာကတော့ အမရပူရနန်းကနေ ဆင်ဖြူတော်ကြီးကို အင်္ဂလိပ်တွေက

Graphic Design နဲ့ ရိုက်ထားတဲ့ပုံပါ။ အဲဒီတော့ ဒီလောက်ထူးမြတ်တဲ့ ဆင်ကြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ ဝက်မစွပ်နဝဒေးကြီးဈာ ဝိလာသိနိမော်ကွန်းမှာ နိဗ္ဗာန်န ပစ္စယနာဂရာဇာဆင်မင်း မော်ကွန်းဆိုပြီးမော်ကွန်းထိုး ဆပ်ခဲ့ရပါတယ်။ မော်ကွန်းထိုးခံရတဲ့ ဆင်ဖြူဖြစ်ပါတယ်။ အဲဒီတော့ ဒီဆင်ဖြူတော် ဟာ ကျွန်တော်တို့ မင်း(၅)ဆက် မီပါတယ်။ ဘိုးတော်ဘုရားလို့ခေါ်တဲ့ ဗဒုံမင်း ၊ ဘကြီးတော်လို့ ခေါ်တဲ့ စစ်ကိုင်းမင်း၊ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းအထိ မင်း(၅)ဆက် မီပါတယ်။ဒါကြောင့်လည်းဒီဆင်ဖြူတော်ကို “နိဗ္ဗာန်န ပစ္စယဆဒ္ဒန်လှ၊ ထူးစွင်ါးဆက်မင်း၊ မင်းဆက်ငါးသွယ်၊ ဆဒ္ဒန်နွယ်၊ ဆင်ဝယ်မနှိုင်းသာ” ဒီသံပေါက်ကို စပ်ခြင်းလည်း ခံရပါတယ်။ အဲဒီတော့ဒီဆင်တော်ကြီးဟာမင်းတုန်းမင်းလက်ထက်မှာကံငြိမ်းပါတယ်။မင်းတုန်းမင်းလက်ထက်မှာ ကံငြိမ်းတဲ့အခါမှာ သူ့ကိုတခမ်းတနားမီးသင်္ဂြိုလ်ပါတယ်။ ကွင်းကြီးထဲမှာ(၃)ရက်ပူဇော်ခံပြီးတော့ မီးသင်္ဂြိုလ်တဲ့အခါမှာ တိုင်းသူပြည်သားတွေက လာပြီးတော့ ဆင်ဖြူတော်ကြီးဆုံးပါး တဲ့အတွက် ငိုယိုကြတယ်လို့လည်း စာ တွေပေတွေထဲမှာ ရှိပါတယ်။ ဒီမင်းတုန်းမင်းတရားကြီးရဲ့သားတော် ဖြစ်တဲ့ ပျဉ်းမ နားမင်းသားကြီးကို ကျွန်တော် မီပါတယ်။ ဒီမင်းသားကြီးက ကျွန်တော့်ကို ပြောဘူး တာက ဒီဆင်ကြီး ကံငြိမ်းတဲ့အခါမှာ သူမမွေး သေးပါဘူးတဲ့။ ဒါပေမယ့် သူမွေးလို့ လူဖြစ်လာ ကတည်း ကဒီဆင်ကြီးကံငြိမ်းတဲ့အခါမှာ သင်္ဂြိုလ်တဲ့အခမ်းအနားဟာ ဘယ်လိုကြီးကျယ်တဲ့ အကြောင်းပြောလို့မပြီးပါဘူးတဲ့။ ထူးဆန်းတာကတော့(၃)ရက်ထားတဲ့အခါ ပထမရက်မှာ ကောင်းကင်က ကြိုးကြာထက်(၂)ဆရှိတဲ့ ငှက်ကြီးပေါင်း (၅၀)ကျော် လာပျံဝဲပြီးတော့ ဒီဆင်ကြီးရဲ့ အလောင်းပေါ်မှာ သုံးပတ်ဝဲပြီးတော့ တောင်ဘက်က လာပြီး မြောက်ဘက် ထွက်သွားတယ်။ ဒုတိယနေ့မှာ ကြိုးကြာငှက်အရွယ် ငှ က်ပေါင်းတစ်ထောင် လောက်ကလာဝဲပြီးတော့တောင်ဘက် ကလာပြီးတော့ မြောက်ဘက်ထွက်သွားတယ်။ နောက်ဆုံးရက် မှာ စာကလေးနှံပီစုတ် အရွယ် ငှက်ပေါင်း ထောင်သောင်းမကလာပြီးတော့ လာဝဲပြီးတော့ ပူဇော် သွားကြတယ်ဆိုပါတယ်။ အခုမြင်ရတာကတော့ အမရပူရနန်းပါ။ ဟိုတုန်းက အင်္ဂလိပ်တွေ ရိုက်သွားတဲ့ ပုံပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီလောက်ထူးမြတ်တဲ့ ဆင်ကြီးဟာ ဘယ်ပုံ ဘယ်နည်းနဲ့ နိုင်ငံခြားရောက်သွား ရသလဲဆိုတော့ ခုနက မင်းတုန်းမင်း လက်ထက်မှာ ဆင်ကြီးရဲ့ အရိုးကို ဆင်ကြီးကို မီး သင်္ဂြိုလ်ပြီး တော့ အရိုးကို ဖြတ်ပြီးတော့ အစွယ်ကို ကျွန်တော်တို့ နန်းဦးမှာ ထားပါတယ်။ အဲဒီတော့ ၁၈၈၅ ခုနှစ် သီပေါမင်းပါတော်မူတဲ့အခါမှာ ဒီဟာကို ပြည်သိမ်းတပ်နဲ့ ပါလာတဲ့ ဝီလ်လီယမ်ဒရစ်ဖို့ဒ် ဆိုတဲ့ အိုင်ယာလန်သား အိုင်းရစ် သူက ဒါကို ခိုးသွားပါတယ်။ ခိုးသွားပြီးတော့ သူက

အိုင်ယာလန် ကဆိုတော့ သူ့အိုင်ယာလန်က မြို့စားဖြစ် တဲ့ မားဂရေစ်အော့မ်ဝါးတားဖိုဒ်(ဂျူဝ်) ဆိုတာ မြို့စားပါ။ မာဂရေစ် ဆိုတာ ဂျူဝ် ထက်ငယ်ပါတယ်။ မြို့စားအငယ်စားပေါ့။ ဒီ မာဂရေစ်အော့ဖ်ဝါးတာဖိုဒ့်ကို သူက ၁၈၉၂ ခုနှစ် မေလမှာ ပေးလိုက် ပါတယ်။ မားဂရေစ် အော့ဖ် ဝါးတားဖိုဒ့်က တစ်ခါ ၁၉၃၁ ခုနှစ်မှာ အိုင်ယာလန်က ဒဗ္ဗလင် ပြတိုက်မှာ ဒီဆင်စွယ်တော်ကြီးကို ထားပါတယ်။ အဲဒီက ပုံကိုကူးလာတာပါ။ အဲဒီတော့ ဒီ ဆင်စွယ်တော်ကြီး ဟာ ၁၉၆၅ ခုနှစ်မှာ ဒဗ္ဗလင်ပြတိုက်ကနေပြီး လက် ရှိ ဝါးတား ဖိုဒ့်မြို့စားကြီး ပေါ့နော်။ မာဂရေစ်အော့ဖ်မြို့စားကို ပြန်ပေး ပြီးတော့ ဒီမြို့စားကြီး က မြန်မာသံအမတ်ကြီးကို လွှဲအပ်ခဲ့ ပါတယ်။ ၁၉၆၅ ခုနှစ် မှာ အဲဒီတော့ တော်လှန်ရေး အစိုးရ လက်ထက်မှာ ဗိုလ်ချုပ် ကြီး နေဝင်းရဲ့စွမ်းဆောင်ချက်ကြောင့် မင်းခန်းတော်များ ပြန်ရခဲ့ပါတယ်။ အဲဒါက ၁၉၆၄ ခုနှစ် ဧပြီလ (၁၁)ရက်မှာပါ။ သူကရောက်လာတယ်။၁၉၆၅ခုနှစ်မှာ ရောက်လာတယ်ဆိုတော့ မင်းခန်းတော်များနဲ့ မရွေးမနှောင်း ရောက်လာ တာပါ။ အပေ ါ်က ဒီနိဗ္ဗာန်နပစ္စယနဂရာဇာဆိုတာ ရွှေခွက် ဆင်ကြီး ဆင်စွယ်ပြန်ပေးတဲ့အခါမှာတော့ ဒီရွှေခွက်တော်ရ ခဲ့တယ် ဆိုပါတယ်။ ဘေးက ရွှေချ န်းတွေနဲ့ ထိပ်ဖုံးပြီးတော့ပေါ့နော်။ ဆင်ဦးကင်း အဆင်တန်ဆာ အောက်ကမျက်စိလို့နှစ်လုံး နဲ့အဝိုင်း အဲဒါကြီးဟာ ဟိုခေတ်က ငွေခုနှစ်သိန်းခုနှစ်သောင်း တန်တယ်လို့အဆိုရှိပါတယ်။ ဘေးကအချွန်း တွေက ရွှေတွေပါ။ ဒါတွေ ကျွန်တော်တို့ ပြန်မရခဲ့ပါဘူး။ အဲဒီတော့ ၁၉၆၅ ခုနှစ် ရောက်လာတဲ့ ဆင်စွယ်ကြီးကို ကျွန်တော်တို့ဘယ်လိုနည်းနဲ့ တိရစ္ဆာန်ရုံထဲရောက်နေတယ်တော့ မသိပါဘူး။ ဒီတိရစ္ဆာန်ရုံထဲက သဘာဝသမိုင်းပြတိုက် နို့တိုက်သတ္တဝါများ ပြခန်းထဲမှာရောက် နေပါတယ်။ ဒီဆင်စွယ်ကြီးနဲ့ ပတ်သက်လို့ ပြခန်းအစောင့်က ကျွန်တော်ကိုပြောပြတဲ့ ထူးဆန်းတဲ့ဟာ တွေက နည်းနည်းဂမ္ဘီရဆန်တဲ့အတွက် မပြောတော့ပါဘူး။ ဒါပေမယ့် ဒီတိရစ္ဆာန်ရုံ သဘာဝ သမိုင်းပြတိုက် ဟာ သစ်တောဝန်ကြီးဌာန ကပိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ တိုင်းပြည်မှာ ရာဇဝင် နဲ့ ချီပြီးတော့ တန်ဖိုးရှိတဲ့ ဆင်စွယ်ကြီးဟာ မင်းခန်း တော်တွေနဲ့အတူရောက်လာတဲ့ ဆင်စွယ် ကြီး ဟာ မင်းခန်း တော်တွေပြ ထားတဲ့ အမျိုးသားသမိုင်းပြတိုက်ကြီးမှာပဲရှိသင့်တယ်။ တိရစ္ဆာန်ရုံထဲက သဘာဝသမိုင်းပြတိုက် မှာရောက်နေတာ မသင့်တော်ပ ါဘူး။ အမြင်မတော် ဆင်တော်နဲ့ ခလောက်ဆိုတာမျိုးဖြစ်နေပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဆင်စွယ်ကြီးကို သင့်တော် ထိုက်သင့်တဲ့ နေရာကို ရောက်အောင် ကျွန်တော် ဒီမှာ အဆိုတင်သွင်းရခြင်း ဖြစ်ပါ တယ်။ ဒါကိုလည်း ရောက်အောင် ယဥ်ကျေးမှုဝန်ကြီးဌာန ၊ ပြည်ထောင်စု ဝန်ကြီးကိုလည်း မေတ္တာ ရပ်ခံပါတယ်။ ကျေးဇူးတ င် ပါတယ်ခင်ဗျား။

**အချိန်၊၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊၁၁း၀၂။**

**ဒေါ်စန္ဒာခင်၊ (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအ ပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်ရှင်။ကျွန်မကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေ၏ မေးခွန်းကို ဝမ်းမြောက်စွာ ကြိုဆိုရင်း ဖြေကြားသွားမှာ ဖြစ်ပါ တယ်။

ဘိုးတော်ဘုရား ဗဒုံမင်းအား ဆက်သခဲ့သော နိဗ္ဗန္ဒနပစ္စယနာဂရာဇာ ဆင်ဒ္ဒန်ဆင်ဖြူတော်၏ အစွယ်တော်(၂) ချောင်းကို ယခုအခါမှာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သ စ်တောရေးရာ ဝန်ကြီးဌာန၊ သစ်တောဦးစီး ဌာန(ရန်ကုန်)၏ သဘာ ဝသမိုင်းပြတိုက်တွင် စ နစ်တကျ ခင်း ကျင်း ပြသထားကြောင်း ဦးစွာတင်ပြအပ်ပါတယ်ရှင့်။

အဆိုပါ ဆင်ဖြူတော်ကြီး၏ လက် ဝဲ၊ လက်ယာ စွယ်တော်ကြီး (၂)ချောင်းကို သီးခြား မှန်များကာရံပြီး အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ပြသထားပါတယ်။ စွယ်တော်ကြီး မှာလည်း လူတစ် ရပ်မက မြင့်မားကြောင်းလည်း ခုနက ဆရာဦးသန်းဆွေ တင်ပြသွားပြီး ဖြစ်ပါ တယ်ရှင့်။ စွယ် တော်များကို ပြသတဲ့အခါမှာ နောက်ခံအဖြစ် ဆင်ဖြူ တော်ထားသည့် အဆောင်၊ အလံ၊ ထီး၊ အမှုထမ်း စသည်ဖြင့် အဆောင်အယောင်များကို ဒီဇိုင်းရေးဆွဲပြီး ဆင်ဖြူတော် ရရှိပုံ ကိုလည်းပဲ နန်းတွင်းပုရပိုက်များမှ မှတ်တမ်းမှတ်ရာများနှင့် ကိုးကားညှိနှိုင်းပြီးတော့ ရေးသား ဖော်ပြထားရာ ဆင်ဖြူတော်နှင့် ပတ်သက်ပြီးတော့ ဗဟုသုတများစွာ ရရှိစေပါတယ်။

ဤစွယ်တော် (၂) ချောင်းနှင့် ပတ်သက်ပြီး သိရသည်မှာ ၁၈၈၅ ခုနှစ် အင်္ဂလိပ်များ မြန်မာပြည်ကို သိမ်းပိုက်တဲ့အခါမှာ အင်္ဂလိပ်တပ်များနှင့် ပါလာသော လော့ ဂီလျံဗီရက်ဖို့ဒ်သည် ဤဆင်စွယ် (၂) ချောင်းကို မန္တလေးနန်းတော်မှ အိုင်ယာလန်ပြည်သို့ ယူဆောင်သွားပြီးနောက်မှာ

၁၈၉၂ ခုနှစ် မေလတွင် ဂါးတားဖို့ဒ် မြို့စားကြီး၏ ဘေးတော်သို့ လက်ဆောင်ပေးခဲ့ပါတယ်။ ၁၉၃၁ ခုနှစ်တွင် ဂါးတားဖို့ဒ် မြို့စားကြီး၏ ခမည်းတော်က ဆင်စွယ်တော်များကို ဒဗ္ဗလင်မြို့ အမျိုးသားပြတိုက်သို့ လှူဒါန်းခဲ့ပါတယ်။ ထို့နောက် ဆင်စွယ်များ ကို မြန်မာပြည် ရန်ကုန်မြို့ သဘာဝသမိုင်းပြတိုက်ကြီးတွင် ခင်းကျင်းပြသနိုင်ဖို့အတွက် ဒဗ္ဗလင်မြို့ အမျိုးသားပြတိုက်ကနေ ယခု ဂါးတားဖို့ဒ် မြို့စားကြီးသို့ လက်ဆောင် ပေးအပ်ခဲ့ပါတယ်ရှင့်။၁၉၆၅ ခုနှစ် မေလမှာ အင်္ဂလန်ပြည်ဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးသို့ ပေးအပ်ခဲ့ပြီး ထိုစဉ်က ရန်ကုန် သဘာဝသမိုင်းပြတိုက်သို့ ပေးပို့ပြီး အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ပြသထားခြင်း ဖြစ်ပါတယ်ရှင့်။

ယခုသဘာဝသမိုင်းပြတိုက်မှာ ပြသထားတဲ့အခါမှာ သက်ရှိသတ္တဝါများရဲ့ အရိုးစုများ၊ ရုပ်လုံးရုပ်ကြွင်းများ၊ အစွယ်များကို သက်တမ်းအလိုက် ပြသ ထားခြင်း ဖြစ်ပါတယ်။ တစ် နည်းအားဖြင့် သက်ရှိသတ္တ ဝါများ၏ ဖြစ်စဉ်များကို သဘာဝကျစွာ ပြသထားခြင်းလည်းဖြစ်ပါ တယ်ရှင့်။ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနများ၏ အမျိုးသားပြတိုက် (ရန်ကုန်)မှာ ပရိုင်းမိတ် ကျောက်ဖြစ် ရုပ်ကြွင်းများ၊ ဆင်၊ ကြံ့၊ ရေမြင်း၊ တော ဂက်၊ တောင်ဆိတ် စသည့်သတ္တ ဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်း အစိတ်အပိုင်းများကို အများပြည်သူ လေ့လာနိုင်ဖို့အတွက်လည်း ပြသထားရှိပါတယ်။

ထိုဆင်စွယ်တစ်စုံသည် ယခုအခါမှာလည်း နိုင်ငံတော်၏ ကြီးကြပ်ကွပ်ကဲမှု အောက်တွင်ရှိသည့် အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ရန်ကုန်မြို့ရှိ သဘာဝ သမိုင်းပြတိုက်တွင် မှတ်တမ်းမှတ်ရာပြည့်စုံစွာဖြင့် စိတ်ဝင်စားဖွယ် စနစ်တကျခင်းကျင်းပြသ ထားတဲ့အတွက်ကြောင့်မို့လို့ ထိုက်တန်စွာ ခင်းကျင်းပြသထားသည်ဟု မှတ်ယူနိုင်သည့်အတွက် ယခုအခါမှာ လက်ရှိ ထိန်းသိမ်းထားသည့် သဘာ ဝသမိုင်းပြတိုက်၌ပင် ဆက်လက်ပြီးတော့ ပြသသွားသင့်ပြီး နောင်တွင် နေပြည်တော်မှာ ယခု တည်ဆောက်လျက်ရှိသည့် အမျိုးသားပြတိုက်တည်ဆောက်ရေးလုပ်ငန်း အဆင့်အားလုံးပြီးစီးသွားပါက ကုန်းဘောင်ခေတ်ပြခန်းတွင် စနစ်တကျ ထည်ထည်ဝါဝါ ပြသနိုင်ဖို့အတွက် ဝန်ကြီးဌာနချင်း ညှိနှိုင်းပြီးဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ရှင့်။ (ဩဘာသံများ)

**ဒေါ်စန္ဒာခင်၊ (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ရှင်။ ယခု ကျင်းပ လျက်ရှိတဲ့ ၁၈ ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို

လာရောက်ကြည့်ရှု အားပေးနိုင်ဖို့အတွက် ဖိတ်ကြားခွင့်ပြုပါရှင်။ ကျွန်မတို့ ၁၈ ကြိမ်မြောက် မြန်မာ့ ရိုးရာ အဆို၊ အက၊ အရေး၊ အ တီးပြိုင်ပွဲကြီးကို အောက်တိုဘာလ ၁၅ ရက်နေ့က စတင်ပြီး တော့ ဆောင်ရွက်ခဲ့ပါတယ်။ ၂၃ ရက်နေ့အထိ ကျင်းပဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နံနက် ၀၉း၀၀ နာရီကနေပြီးတော့ ညနေ ၀၄း၀၀ နာရီအထိ အဆိုခေတ်အကြိုက်၊ အဆိုကာလပေါ်နဲ့ အတီးနဲ့ ပတ်သက်ပြီးတော့လည်း နှဲ၊ စောင်း၊ စန္ဒရား၊ တယော ၊ ရုပ်သေးပြိုင်ပွဲများ၊ အခုဆက်လက် ပြီးတော့ ကျင်းပလျက်ရှိပါတယ်ရှင်။ ည၀၇း၀၀ နာရီ ကနေပြီးတော့ ည ၁၀း၃၀ နာရီ အထိမှာတော့ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ ရုပ်စုံသဘင်အလိုက် နေမိဇာတ်တော်ကြီး ပြိုင်ပွဲကိုလည်းကောင်း၊ စိုက်ပျိုး ရေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမမှာတော့ ည ၀၇း၀၀ နာရီ ကနေပြီးတော့ ည ၈း၃၀ နာရီအထိကို လူငယ့်စွမ်းအား ပြဇာတ်ကိုလည်းကောင်း ယှဉ်ပြိုင်ကြမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကြည့်ရှုအားပေးနိုင်ရေး အတွက် လေးစားစွာဖြင့် ဖိတ်မန္တက ပြုအပ် ပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင် ပါတယ်ရှင်။(သြဘာသံများ)

**ဗဒုံမင်း(ဘိုးတော်ဘုရား)အား ဆက်သခဲ့သော ထူးမြတ်သည့် နိဗ္ဗာန်နပစ္စယ နာဂရာဇာဆဒ္ဒန် ဆင်ဖြူတော်မှ ကြွင်းကျန်သော အစွယ်တော်(၂)ချောင်းကို သဘာ၀သမိုင်းပြတိုက်တွင် ပြသမည့်ည အစား နေပြည်တော်တွင် တည်ဆောက်လျက်ရှိသည့် အမျိုးသားပြတိုက် တည်ဆောက်ခြင်း လုပ်ငန်းပြီးစီးပါက ပြောင်းရွှေ့ပြသရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအနေနှင့်ပြောင်းလဲခြင်း**

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဦးသန်းဆွေ ရဲ့ မေးခွန်းဟာ ၀န်ကြီးဌာနချင်းညှိနှိုင်းပြီးတော့မှ နေပြည်တော် အမျိုးသားပြတိုက်ကို ပြောင်းရွှေ့ ပြသမယ့် လုပ်ငန်းဖြစ်ကြောင်း ယဉ် ကျေးမှု၀န်ကြီးဌာန၊ ဒုတိယ၀န်ကြီး က ဖြေကြားတဲ့အတွက် ဒီမေးခွန်းကို အဆိုအဖြစ်ပြောင်းလဲမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဗဒုံမင်း (ဘိုးတော်ဘုရား )အား ဆက်သခဲ့သော ထူးမြတ်သည့် ဒီနေရာမှာ ထူးမြတ်သည့် ဟု ထည့်ရင်ပိုပြီး သင့်တော်မယ်လို့ ယူဆပါတယ်။ ထူးမြတ် သည့် နိဗ္ဗာ န်နပစ္စယနာဂရာဇာ ဆဒ္ဒ န်ဆင်ဖြူတော်မှ ကြွင်းကျန်သော အစွယ်တော်(၂)ချောင်းကို သဘာ၀သမိုင်းပြတိုက်တွင် ပြသမည့်အစား နေပြည်တော်တွင် တည်ဆောက်လျက်ရှိသည့် အမျိုးသားပြတိုက် တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးပါက ပြောင်းရွှေ့ ပြသရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအနေနဲ့ ပြောင်းလဲမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဦးသန်းဆွေ ပြောစရာရှိပါသလား။

**ဦးသန်းဆွေ**။ ။ မရှိပါဘူးခင်ဗျား။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဒါဆို ဦးသန်းဆွေ ရဲ့ မေးခွန်းကို အဆိုအဖြစ်ပြောင်းလဲ အတည်ပြုကြောင်း ဆုံးဖြတ်တယ်။ (သြဘာသံများ)

## ဧရာဝတီမြစ်ရေတင် စီမံကိန်း ဆင်တဲဝ(သမက္ကူ)ဆည်နှင့် စပ်လျဉ်းသည့် မေးခွန်း

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းမယ့်မေးခွန်းဟာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားရမယ့် မေးခွ န်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးမျိုးမြင့် က ဧရာ ဝတီမြစ်ရေတင် စီမံကိန်း ဆင်တဲဝ(သမက္ကူ)ဆည်နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။

ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုး သား လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ တောင်သာမြို့နယ် အတွင်းမှာ မြစ်ရေတင်စီမံကိန်းလုပ်ငန်းခု(၃)နဲ့ ပတ်သက်လို့ ပြီးခဲ့တဲ့လွှတ်တော်မှာ တင်ပြခဲ့တဲ့ ကိစ္စရပ်များအပေါ် စက်တင်ဘာလ ၂၃ ရက်နေ့က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးခင်ဇော် ၏ ပြန်လည်ဖြေကြားမှုများ အပေါ်မှာ သုံးရပ်အနေနဲ့ နှစ်ရပ်ကို ဘယ်လိုပဲဖြစ်ဖြစ် ကျေးဇူးတင် လက်ခံနိုင်ဖွယ် ရှိသော် လည်း ကျန်တဲ့ တစ်ရပ်ကို မရှင်း လင်းတဲ့အတွက် ဒါလေးကို ဒေသခံ တောင်သူလယ်သမားများ ကိုယ်စား ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြနိုင်အောင် ထပ်မံမေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးက ပြန်ကြားခဲ့တဲ့အချက်တွေ ကွဲလွဲမှာ ကြောက်တဲ့အတွက်၊ စိုးရိမ်တဲ့ အတွက် ကျွန်တော့်အနေနဲ့ ဖတ်ကြားခွင့်ပြုပါရန်နှင့် အင်္ဂလိပ်လို အချို့ စကားလုံးတွေ ညှပ်သုံး

ခွင့်ပြုပါရန်လည်း ပန်ကြားအပ်ပါတယ်ခင်ဗျာ။ မေးခွန်းအနေနဲ့ ကတော့ ဆင်တဲ၀ (သမက္ကူ)ဆည် တူးမြောင်းမကြီးမှ လျှပ်စစ်ရေတင်လုပ်ငန်း (ချောင်းဆုံ)ရဲ့ ရေသောက်ဧရိယာ (၅၀၀)ဧကခန့် ရေပေးဝေမှုစနစ်/လျှပ်စစ်မီး 11/0.4 KV,160 KVA ထရန်စဖော်မာ တည်ဆောက်ထားရှိမှု ပြီးစီးခဲ့တာ ၂၀၀၀ ပြည့်နှစ် ကတည်းကဖြစ်၍ (၁၀)နှစ်ခန့် ကြာပြီဖြစ်သော်လည်းပဲ ယနေ့အထိ ဒီရေသောက်စနစ် တစ်ခုလုံးကို ရေတစ်ကြိမ်မှ ပေးဝေနိုင်ခြင်းမရှိလို့ ရေပေးတူး မြောင်းများ ပျက်စီးယိုယွင်းနေပြီ ဖြစ်ကြောင်း ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ နှင့် မည်သည့် အချိန်တွင် စိုက်ပျိုးရေပေးဝေနိုင်မည်ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

အဲဒီတော့ ဖြေတာက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေနဲ့ ပြန်ဖြေတာက (က) ဆည်ရေသောက်ဧရိယာ ၃၀၀၀ ဧကရှိ ဆင်တဲ၀ (သမက္ကူ) ဆည်မှာ မူလ မျှော်မှန်းထားသည့်အတိုင်း ပြည့်မီအောင် ရေဝင်ရောက်မှုမရှိခြင်း၊ နှစ်စဉ် ပျမ်းမျှ မိုးစပါး၁၁၅၂ ဧက၊ နွေစပါး ၁၀၀ ဧကခန့်ကိုသာ စိုက်ပျိုးနိုင်ခြင်း၊ တူးမြောင်းရဲ့ ပေတိုင် (Reduce Distance) ၂၆၀၀၀ ပေမှာရှိတဲ့ သဲပုတ်မရေသွယ်လျှောက် အထက်ပိုင်း (ရေတင်လုပ်ငန်း ရေယူမြောင်းရဲ့ အထက်ပိုင်း) ၄၆၅ ဧကနှင့် အောက်ပိုင်း ၆၈၇ ဧက စုစုပေါင်း ၁၁၅၂ ဧကသာ စိုက်ပျိုး နိုင်ကြောင်း၊ (ခ) RD (၂၆၆၀၀) ပေရှိ လျှပ်စစ်ရေတင်စနစ်ဖြင့် ၅၀၀ ဧကခန့်ကို ရေတင်အမြင့် Pump နှစ်ဆင့်ဖြင့် ရေတင်ပေးရမည်ဖြစ်၍ စိုက်ပျိုးမြေများမှာ သဲဆန်သဖြင့် ရေဆုံးရှုံးမှုများပြား ပါကြောင်း၊ (ဂ)အထက်အပိုဒ်(ခ)ကို ဆော င်ရွက်ရပါလျှင် အောက်ပိုင်း ၆၈၇ ဧက၊ Gravity Flow ရေပေးဧက လျော့နည်းသွားမည် ဖြစ်ကြောင်း၊ (ဃ) ထိုသို့ ဆည်ရေ မလုံလောက်မှုကြောင့် ပေးဝေနိုင်ခြင်းမရှိဘဲ ဆည်ရေဝင်ရောက်မှု ကောင်းမွန်ချိန်တွင် ရေပေးဝေ နိုင်ရန် စီစဉ်ပေးမည် ဖြစ်ကြောင်း၊ ဒါတွေကို ကျွန်တော်တို့ ပြန်လည်ဖြေကြားလာပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားဖြေခဲ့တဲ့ ဒုတိယဝန်ကြီးရဲ့ ဖြေကြားမှုများအပေါ်မှာ မရှင်းလင်း သည်များကို အောက်ပါ ကျွန်တော်ရဲ့ ယူဆချက်များ အပေါ်မှာ ထပ်မံသိရှိလိုလို့ ကျွန်တော် အနည်းငယ် ခြုံငုံပြီး တော့ ရှင်း လင်း ဆွေးနွေးခွင့်ပြုပါရန်လည်း ပန်ကြားအပ်ပါတယ် ခင်ဗျား။ (ကက) မူလ ဆည် သောက်ဧရိယာမှာ (၃၀၀၀)ဧက မဟုတ်ဘဲနဲ့ (၃၈၀၀)ဧက ဖြစ်ပြီးတော့ တူးမြောင်း RD (၂၆၀၀၀)၊ သဲဦးမှချောင်းအထိ (၅၀၀)ဧက အပါအဝင် (၄၃၀၀)ဧက အတွက် ၁၉၉၁- ၉၂ ခုနှစ်မှာ ဒေသရဲ့သီးနှံပုံစံတွဲ(Cropping Pattern)အရ ဆည်မြောင်းမှ ဒီဇိုင်းစနစ် ချမှတ်

ခဲ့တယ်လို့ ကျွန်တော်တို့ နားလည်ပါတယ်။ ၁၉၉၅ - ၉၆ ခုနှစ်မှာ စီမံကိန်းပြီးစီးပါတယ်လို့ သိရှိရပါတယ်။ ဆင်တဲဝ(သမက္ကူ)ဆည်ရဲ့ ၂၀၀၁ ခုနှစ်က ၂၀၁၀ ပြည့်နှစ်အထိ (၁၀)နှစ်စာ စီးဝင်ရေ စုစုပေါင်းဟာ ၉၉၇၃၁ ဧကပေ ရှိပြီးတော့ ဒီ (၁၀)နှစ် ပျှမ်းမျှစီးဝင်ရေ ဘယ်လောက်ဖြစ်မလည်းဆိုရင် ၉၉၇၃ ဧကပေ ဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်က (၁၂၄၁၇)ဧကပေ၊ ၂၀၀၄ ခုနှစ်က (၁၁၀၃၅)ဧက ပေ၊ ၂၀၀၆ ခုနှစ်မှာ (၁၉၂၇၀)ဧကပေ၊ ၂၀၀၈ ခုနှစ်မှာ (၁၀၄၄၉)ဧကပေ တမံရေဖိုလွှဲကနေပြီးတော့ ဒီ (၁၀)နှစ်အတွင်းမှာ လွတ်လွတ်ကျွတ်ကျွတ် ကျော်ကျစီးဆင်း မှုနဲ့ဟာ (၂)နှစ် နဲ့ ကျော်ကျစီးဆင်းလုနီးပါး Space ဖြစ်လုနီးပါး (၂)နှစ် ဖြစ်လို့ စုစုပေါင်း (၄)နှစ် ကန်ရေပြည့်စီးဝင် တယ်လို့ မှ တ်ယူနိုင်ပါတယ်၊ နှစ်စဥ် ပျှမ်းမျှစီး ဝင်ရေ (၉၉၇၃)ဧကပေသည် ကန်ရေပြည့်ရေလှောင်မာဏ (၁၂၀၀၀)ရှိပါတယ်။ (၁၂၀၀၀)ဧကပေဟာ (၈၃)ရာခိုင်နှုန်း ရှိတဲ့ အတွက် ဆည်မြောင်းဌာနရဲ့ Indicator အရလည်းကောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှား တောင်သာမြို့နယ်ဒေသအရလည်းကောင်း ရေဝင်ကောင်းသော ဆည်အတန်းအစားထဲမှာ ဒီဆည်ဟာပါဝင် ပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့်(၁)နှစ်ချင်းစီး ဝင်ရေတို့ကို ကျွန်တော်ဖော်ပြခြင်း မပြုတော့ပါဘူး။ ဒါ့အပြင်၂၀၀၁ မှ ၂၀၁၀ ပြည့်နှစ်အထိ မိုးစပါး ၈၆၂ ဧက၊ နွေစပါး ၁၃၈ ဧက၊ ပေါင်း ၁၀၀၀ ဧက ဆည်ရေသုံးစွဲရန် သတ်မှတ်ခဲ့ပါတယ်။ ဒီလိုသတ်မှတ်ရာမှာ ပျိုးထောင်သည်မှ ရင့်မှည့်၊ ဘောင်ခတ်၊ ရေထုတ်အဆင့်ဆင့် အထိ ၄၂၇၂ ဧကပေ လျာထားသတ်မှတ်ခဲ့ပါတယ်။ ရေသုံးစွဲဖို့အတွက် လက်တွေ့တွင် ၉၄၀၅ ဧကပေ သုံးစွဲခဲ့လို့ ရေပိုမိုရယူမှု၊ လေလွင့်ဆုံးရှုံးမှု ၄၂၇၀ ဧကပေကျော် ဖြစ်ပေါ်နေတယ် ဆိုတာလည်း ကျွန်တော်တင်ပြလိုပါတယ်။ အသုံးပြုနိုင်တဲ့ ရေပမာဏ (Active storage) ရဲ့ (၆၀)ရာခိုင်နှုန်းခန့်ရှိမယ်လို့ ခန့်မှန်းနိုင်ပါတယ်။ လေလွင့်ဆုံးရှုံးမှုတွေမှာ ကျွန်တော်တို့ Losses တွေ၊ Evaporation Losses, seepage Losses စသည်တို့လည်းအနည်းနဲ့အများပါနိုင်ပါတယ်။ ကျွန်တော်တို့လူတိုင်းအလွယ်တကူမှန်းဆနိုင်အောင် တင်ပြရပါလျှင် မိုးစပါးစိုက်ဧကမှာ အများဘက်(Higher side) မှာ ပါရှိပြီးတော့ စပါးတစ် ဧကကို ဆည်ရေ (၉.၄)ပေ သုံးစွဲ သည်ကို အရှေ့တောင်အာရှနိုင်ငံများ စံနှုန်းများအရ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာစံနှုန်းများအရလည်းကောင်း၊ အလွန်ပင်များနေကြောင်းတွေ့ရှိရမှာဖြစ်ပါတယ်။ အဓိကကတော့ ရေစီမံခန့်ခွဲမှု (Water Management) ပုံမှန်ထိန်းသိမ်းမှု လိုအပ်တဲ့ သက်တမ်းရင့် ရေပေးတူးမြောင်းများ(Aged canalize Conveyance Losses)ကပိုများနေ တယ်လို့ ကျွန်တော်တို့သုံးသပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ် တော်ကိုယ်စားလှယ်တော်ကြီးများသိရှိနိုင်ရန်လည်း ကျွန်တော်ကြုံတုန်း တင်ပြခွင့်ပြုပါ။ ကျွန်တော်တို့

ဆည်မြောင်းဦးစီးဌာန ပညာရှင်တွေနဲ့ ပြည်ပတိုးတက်တဲ့ နိုင်ငံများအတိုင်ပင်ခံပညာရှင်များရဲ့ မြန်မာနိုင်ငံအလယ်ပိုင်း စီမံ ကိန်းတစ်ခုရဲ့ Track water requirement လေးကို နမူနာလေး အဖြစ်ပဲတင်ပြပါရစေ။ မိုးစပါးကို ကျွန်တော်တို့ လက်မ (၃၀) သတ်မှတ်ပါတယ်။ ဒါ မြန်မာနိုင်ငံ အလယ်ပိုင်းပါ။ (၂)ပေ (၆)လက်မပဲ ရှိပါတယ်။ တစ်ခါ မိုးစပါးကို ကျွန်တော်တို့ နောက်ပိုင်း ဩဂုတ်လကနေပြီး ဇွန်တွင်စိုက်တဲ့ မိုးစပါး၊ နောက်စပါးပေါ့ (၄၃)လက်မ အပူပိုင်းရောက်သွားတဲ့ အတွက် (၃)ပေ (၇)လက်မ ပေးပါတယ်။ နှမ်းကို (၂၁)လက်မ (၁)ပေ (၉)လက်မပေးပါတယ်။ ဝါကို (၂၈) လက်မ (၂)ပေ (၄)လက်မပဲ ရှိပါတယ်။ မြေပဲကို (၃၀)လက်မ (၂)ပေ (၆)လက်မပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဆည်ရေ ပေးဝေမှု၊ သွက်လက်မှု Irrigation Efficiency ကို စပါးကို (၆၈) ရာခိုင်နှုန်းကနေ (၇၀) ရာခိုင်နှုန်း ဝန်းကျင်မှာ သတ်မှတ် ပြီးတော့ အခြားသီးနှံကို (၆၀)နဲ့ (၆၅)ရာခိုင်နှုန်းမှာ သတ်မှတ်ပါတယ်။ စပါးဧက ရေ ၇ ပေကျော် သုံးသွားပြီဆိုရင် Irrigation Efficiency သည် (၃၅) ရာခိုင်နှုန်း သာရှိတော့တဲ့အတွက် အင်မတန် အယူအဆလေး ကျွန်တော်တို့ ဒီ Concur ဟာ လေ လွင့်ဆုံးရှုံးမှု အလွန်များပြားတယ် ဆိုတာလေးကို ကျွန်တော် ဝမ်းနည်းစွာ တင်ပြအပ်ပါတယ်။ အဲဒီတော့ ကျွန်တော့်ရဲ့ တင်ပြတဲ့ ကိန်းဂဏန်းများမှာ ဒီဆည်ဟာကျွန်တော်ကိုယ်တိုင်ပါဝင် တည်ဆောက် ခဲ့တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ ရေသောက်စနစ် ဟာလည်း ပါဝင်ခဲ့ပါတယ်။ ဒါ့အပြင်ကို ဒေသအုပ်ချုပ်ရေး အဖွဲ့အစည်းများနဲ့ သက်ဆိုင်ရာလုပ်ငန်း ဌာနများနဲ့ ဆွေးနွေးချက်အရ စာရင်းဇယားများအပေါ်မှာ မိမိရဲ့အတွေ့အကြုံနဲ့ပေါင်းစပ်ပြီးတော့အခြေခံတင်ပြထားခြင်းဖြစ်တဲ့ အတွက် ကိန်းဏန်းများဟာ အမှားအမှန် အလွန်အကျွံတိမ်းစောင်းခြင်းရှိမယ်မဟုတ်ဘူးလို့ ယူဆ ပါတယ်။ နောက် (ခ-ခ) RD (၂၆၀၀၀)ပေရှိဧက( ၅၀၀) အတွက်ရေတင်စနစ် ၁၅ ပေ နှစ်ဆင့် စုစုပေါင်း ပေ ၃၀ ပဲရှိပါတယ်။ ဒါမြင့်လွန်းလို့အမြင့်တင်ရပါတယ် ဆိုပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနက ပြ န်တဲ့ကိစ္စမှာ ကျွန်တော်တို့ မြင်းခြံခရိုင်၊ ညောင်ဦး ခရိုင် အတွင်းမှာရှိတဲ့ ဧရာဝတီ မြစ်ရေတင်စီမံကိန်း နမူနာပြောရလို့ရှိရင် သေရောက်ဆိုလျှင် ပေ ၄၀၀-၅၀၀ ရှိပါတယ်။ အဆင့် ၁၃ ဆင့် ၁၄ ဆင့် တင်ရပါတယ်။ ဒီနေ့ ၁၅ ပေ နှစ်ဆင့် ပေ ၃၀ ပဲရှိတဲ့ ရေတင်စီမံကိန်း ဖြစ်ပါတယ်။ကျွန်တော်တို့ အနေနဲ့ဒါကို လျှပ်စစ် ပါရအောင် လုပ်ပေးတဲ့အတွက် ဒါဟာ ကျွန်တော်တို့ Lift ဟာ ဘယ်လောက်မှမရှိပါဘူး။ Pump ရဲ့ Lifting Capacity ပေါ်မှာ မူတည်ပြီးတော့ ဒါဟာ ရေပေးဝေနိုင်မယ်ဆိုတာလည်း ကျွန်တော် တင်ပြလိုပါတယ်။ နောက် ရေသောက်ဧရိယာ စိုက်ပျိုးမြေများဟာ သဲဆန်သဖြင့် ရေဆုံးရှုံးမှု များပြားကြောင်းလည်း

ဖြေကြားထားတဲ့အပေါ်မှာ ရှင်းလင်းရရင် မြန်မာနိုင်ငံ အလယ်ပိုင်းရှိတဲ့ ဆည်စီမံကန်းအားလုံးရဲ့ ရေသောက်ဧရိယာ အားလုံးဟာ Sandy Loam၊ Silty Sand အမျိုးအစားများသာ ဖြစ်ကြပါတယ်။ အားလုံးဟာ အဲဒါပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ နေကြာတို့ အတွက်ဆိုရင် တစ်ဧကေပါရေတစ်ပေကနေ နှစ်ပေအတွင်းပေးရင် အင်မတန်ါတွက်ချေကိုက်တယ် ဆိုတာလေး ကျွန်တော့်ရဲ့သိသမျှမှတ်မိသမျှလေးနဲ့ တင်ပြခြင်းဖြစ်ပါတယ်။နောက်တစ်ချက် (ဂ-ဂ) ရေတင်လုပ်ငန်း ချောင်းဆုံရေပေးဝေရလို့ရှိရင် အောက်ပိုင်း Gravity Flow ၆၈၇ ဧက လျော့နည်းမည်ဟု ဖြေကြားချက်ကိုလည်း စီမံကိန်း ရေသောက်ဧရိယာ ၄၃၀၀ ဧက (၃၈၀၀ + ၅၀၀)ဒီဇိုင်းပြုထားသည်ဟု နားလည်ထားတဲ့ အတွက် ဒီကိစ္စကိုလည်း ကျွန်တော် ဒါသဘော မပေါက်ဘူး ဆိုတာလေး တင်ပြလိုပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြနေတဲ့ ရေတင်စီမံကိန်းဆိုင်ရာ ကိစ္စအဝဝမှာ ဆည်ရေသောက် ဧရိယာ ၅၀၀ ဧက ခန့်ကို ကျွန်တော် ဆည်မြောင်းဦးစီးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့စဉ်က ပါဝင်အကောင် အထည်ဖော် ဆောင်ရွက် ခဲ့တာရယ်၊ ၂၀၀၁-၂၀၀၂ ခုနှစ်ဝန်းကျင်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တာဝန် ထမ်းဆောင်ခဲ့စဉ် မှာလည်းပဲ ဒါမိမိတို့ရဲ့ဝန်ကြီးဌာန စရိတ်နဲ့ ၁၁/ ၀.၄ KV လိုင်းတည်ဆောက် တာတွေ ၁၆၀ KVA ထရန်စဖော်မာ ထိုင်ပေးခြင်းတို့ကို ဒေသဖွံ့ဖြိုးရေးအတွက် အားတက်သရော လုပ်ကိုင်ပေးခဲ့တာ ဖြစ်ပါတယ်။ (၁၀) နှစ်ရှိသည့် တိုင်အောင် ရေမရရှိတဲ့အတွက် ကျွန်တော်တို့ဟာ အချင်းချင်း ဌာနဆိုင်ရာကိုလည်း ချဉ်းကပ်ပါတယ်။ မည်သို့မျှမရတဲ့အတွက် ဤလွှတ်တော်ကို တင်ပြခြင်း ဖြစ်တယ် ဆိုတာလေးလည်း ကျွန်တော် ဒါ ကြုံတုန်းတင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းဟောင်းတစ်ဦးလည်း ဖြစ်ပါတယ်။ မဲဆန္ဒရှင်ဒေသခံတောင်သူများက စုံစမ်းမေးမြန်းလာလျှင် ပြန်လည်၍ ရှင်းလင်းဖြေကြားရမည် ဖြစ်ပါသဖြင့် ယခုလိုသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ ဖြေကြားချက်အပေါ်မှာရိုးသားစွာနဲ့ ထပ်ဆင့်မေးမြန်းရခြင်းဖြစ်တယ်ဆိုတာကိုလည်း နားလည်ပေးပါလို့ ဥက္ကဋ္ဌကြီးကိုတစ်ဆင့် အနူးအညွတ် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၂၀။**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ မန္တလေးတိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့်၏ ဧရာဝတီမြစ် ရေတင်စီမံကိန်း ကျော့ဇီ ဆင်တဲ၀ (သမက္ကူ) ဆည်ရေမြောင်းမကြီးမှ ရေတင်လုပ်ငန်း(ချောင်းဆုံ)နှင့် ဝဲလောင်ဆည်ရေမြောင်းမကြီးမှ ရေတင်လုပ်ငန်း (ကန်နီ) အတွက် ရေသောက် တူးမြောင်းစနစ် ပီပြင်စွာ ဆောင်ရွက်ပေးမည့် အစီအမံနှင့် ရေပေးဝေမည့် အခြေအနေဆိုင်ရာ မေးခွန်းအပေါ် ဖြေကြားထားမှုကို ပြန်လည်ထပ်မံမေးမြန်းခြင်း မေးခွန်းနှင့် ပတ်သက်၍ ဆက်လက် ဖြေကြား သွားမှာ ဖြစ်ပါတယ်။

ဧရာဝတီမြစ် (ကျော့ဇီ) ရေတင်စီမံကိန်းနှင့်ဝဲလောင် (ကန်နီ) ရေတင်စီမံကိန်းတို့ အပေါ် ဖြေကြားချက်များအား ကျေနပ်လက်ခံပြီး ဖြစ်ပါ၍ သမက္ကူ(ချောင်းဆုံ) ရေတင်လုပ်ငန်းကိုသာ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ပထမဦးစွာနယ်မြေလူထုအကျိုးအတွက်ဆင်တဲ၀ (သမက္ကူ) ရေတင်လုပ်ငန်း(ချောင်းဆုံ) နှင့် ပတ်သက်၍ ဖြေကြားချက်အပေါ် မရှင်းလင်းပါသဖြင့် ပြန်လည် ရှင်းလင်းပေးပါရန် ထပ်မံ မေးမြန်းခဲ့သောအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အား ယခုကဲ့သို့ ပြန်လည်ရှင်းလင်း ဖြေကြားခွင့် ရရှိသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြား အပ်ပါတယ်။

ဆင်တဲ၀(သမက္ကူ) တမံအတွင်း လွန်ခဲ့တဲ့ (၁၀)နှစ်၏ တစ်နှစ်ပျမ်းမျှ စီးဝင်ရေမှာ ကိုယ်စားလှယ်တော်ကြီး ပြောကြားသကဲ့သို့ (၉၉၇၃)ဧကပေဖြစ်ပါတယ်။ တမံ၏ ကန်ရေပြည့်ရေ လှောင်ပမာဏမှာ (၁၂၀၀၀)ဧကပေဖြစ်ပြီး ကန်ရေသေရေလှောင်ပမာဏမှာ (၄၉၀၀)ဧကပေ ဖြစ်ပါတယ်။ ကန်ရေပြည့် သိုလှောင်နိုင်ပါက စိုက်ပျိုးရေအတွက် အမှန်တကယ် အသုံးပြုနိုင် သော ရေပမာဏ (Active Storage )မှာ (၇၁၀၀) ဧကပေ ဖြစ်ပါတယ်။ လွန်ခဲ့သော (၁၀)နှစ် အတွင်း ၂၀၀၆ ခုနှစ်၊ ၂၀၁၀ ခုနှစ်တို့တွင် ကန်ရေပြည့်ပမာဏထက် ကျော်လွန်စီးဝင်မှု ရှိခဲ့ပါ

တယ်။ ကန်ရေပြည့်ပမာဏထက် ကျော် လွန်စီးဝင်သောရေသည် ရေပိုလွှဲမှ ကျော်ကျစီးဆင်း သွားခြင်းကြောင့် စိုက်ပျိုးရေအတွက် အသုံးပြုနိုင်ခြင်းမရှိပါ။ ၂၀၀၇ ခုနှစ်နှင့် ၂၀၀၉ ခုနှစ် တို့တွင် ကန်ရေပြည့်ပမာဏထက်နည်း၍ (၇၀၀၀)ဧကပေခန့်သာ စီးဝင်သဖြင့် စိုက်ပျိုးရေ လိုအပ်မှု ဖြစ်ပေါ်ခဲ့ခြင်းလည်း ရှိခဲ့ပါတယ်။

ဆင်တဲဝ(သမက္ကူ)စီမံကိန်းကို ဆောင်ရွက်ရန် အဆိုပြုစဉ်က စီမံကိန်းလျာထားချက် ဧကမှာ (၃၈၀၀)ဧကဖြစ်သော်လည်း ဒီဇိုင်းပုံစံပြုလုပ်ရာတွင် ရေပေးဝေနိုင်သော ရေသောက် ဧရိယာကို (၃၀၀၀)ဧက သတ်မှတ်ခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ ဆည်ရေသောက် ဧရိယာကို ပြန်လည်စိစစ်ချက်အရ ဆင်တဲဝ (သမက္ကူ) ဆည်၏ စိစစ်ပြီး ဆည် ရေသောက် ဧရိယာမှာ (၂၇၇၆)ဧကပေသာဖြစ်ပါတယ်။ပကတိမြေပြင်အနေအထားအရပြန်လည် စိစစ်ခဲ့ရာတွင် မြင့်ရာမှ နိမ့်ရာသို့ ရေစီးဆင်းစေသောစနစ် (Gravity Flow )ဖြင့် (၁၁၅၂)ဧက ရေပေးဝေနိုင်ပြီး၊ စိုက်ပျိုးခြင်းမပြုနိုင်သော ကျော က်ကုန်းမြေ(၆၄)ဧက၊ သဲဆန် လွန်းသောမြေ (၅၂၃) ဧကနှင့် အမြင့်ပိုင်းကျ၍ (Gravity Flow )ဖြင့် ရေမပေးနိုင်သော ဧရိယာ (၁၀၃၇) ဧက ရှိကြောင်း သိရှိရပါတယ်။ ဆင်တဲဝ (သမက္ကူ) စီမံကိန်းမှာ လွှတ်တော် ကိုယ်စားလှယ်ကြီး၏ တင်ပြချက်အရ ကိုယ်တိုင်ပါဝင်တည်ဆောက်ခဲ့သော ရေလှောင်တမံ၊ရေသောက်စနစ်ဖြစ်ကြောင်း သိရှိရပါတယ်။ သို့ပါ၍ တင်ပြပါအခြေအနေအရပ်ရပ်ကို သိရှိပြီး ဖြစ်မည်ဟု ယူဆပါတယ်။

စိုက်ပျိုးသီးနှံများ ၏ ရေလိုအပ်ချက်မှာ မြန်မာပြည် အလယ်ပိုင်းစီမံကိန်းများတွင် စိုက်ပျိုးရာသီ တစ်ရာသီအတွက် မိုးစပါး တစ် ဧကလျှင် (၄.၅)ပေမှ (၆.၅)ပေ၊ နွေစပါး တစ် ဧက လျှင် (၅.၅)ပေမှ (၇.၅)ပေအထိ လိုအပ်ပြီး ဆီထွက်သီးနှံ တစ်ဧကလျှင် (၂.၅)ပေမှ (၄)ပေအထိ လိုအပ်ပါတယ်။ မြန်မာပြည်အောက်ပိုင်း ဒေသများထက် မြန်မာပြည်အလယ်ပိုင်းဒေသ စီမံကိန်း ဧရိယာများတွင် ရေပိုမိုလိုအပ်ပါတယ်။ အလယ်ပိုင်းဒေသ စီမံကိန်းများ၏ ပျမ်းမျှရေပေးသွင်း ထိရောက်မှုကိန်း (Irrigation Efficiency ) မှာ (၄၀) ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဆိုလိုသည်မှာ သီးနှံစိုက်ကွင်းတွင် ရေ (၁)ပေအနက် ရရှိရန် ရေလှောင်တမံမှ (၂.၅)ပေ ထုတ်လွှတ်ပေး ရမည့် သဘောဖြစ်ပါတယ်။ သဲဆန်သော မြေများတွင် တူးမြောင်းများအတွင်း ရေစီးဆင်းစဉ် မြေအောက်သို့ ရေစိမ့်ဝင်စီးဆင်းဆုံးရှုံးမှု (Conveyance Losses) များ၍ ရေပိုမိုလိုအပ်ရခြင်း ဖြစ်ပါတယ်။ မိုးကောင်းပြီး ကန်ရေပြည့်သိုလှောင်နိုင်သောနှစ်တွင် တမံအတွင်း အများဆုံး သိုလှောင်နိုင်သော ရေပမာဏမှာ (၁၂၀၀၀)ဧကပေဖြစ်ပြီး ကန်ရေသေပမာဏ (၄၉၀၀)ဧကပေကို

ချန်လှပ်ပါက သီးနှံစိုက်ပျိုးဧရာတွက် အများဆုံးအသုံးပြုနိုင်သော ရေပမာဏမှာ (၇၁၀၀)ဧကပေ ဖြစ်ပါတယ်။ မိုးစပါးသီးနှံအတွက် ပျမ်းမျှရေလိုအပ်ချက်ကို (၅)ပေဖြင့်တွက်လျှင် မိုးစပါး (၁၁၅၂) ဧကကို အပြည့်အဝ ရေပေးဝေနိုင်ပြီး ပိုလျှံရေဖြင့်နွေစပါး(၂၀၀)ဧကခန့် အတွက်သာ စိုက်ပျိုးရေ လုံလောက်မှု ရှိပါတယ်။ တမံ ရေပေးမြောင်းမကြီး ပေတိုင် (၂၆၆၀၀)ပေရှိ လွှတ်တော် ကိုယ်စားလှယ်ကြီး၏ အထူးပြုတင်ပြသော (ချောင်းဆုံ)လျှပ်စစ်မြစ်ရေတင် ဧက(၅၀၀) အတွက် ရေပေးရန် လုံလောက်မှုမရှိနိုင်ပါ။ မိုးကောင်း၍ တမံရေပြည့်သောနှစ်များထွင် မိုးစပါးအတွက် တမံရေ လွှတ်ပေးမှု လျော့နည်းပါသဖြင့်နွေစပါးဧက ပိုမိုတိုးတက် စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ တမံအတွင်း ရှိသည့် သိုလှောင်ရေပမာဏဖြင့် ပိုမိုတိုးတက် စိုက်ပျိုးလိုပါက စပါးတစ်မျိုး တည်းကို စိုက်ပျိုးမည့်အစား ရေလိုအပ်ချက်နည်းသော သီးနှံပုံစံတွဲ (မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ နေကြာ )ကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်မည်ဖြစ်ပါတယ်။ ဆည်မြောင်းဦးစီး ဌာနအနေဖြင့် တမံအတွင်း ဝင်ရောက် လာသောရေများကို စိုက်ပျိုးရေအတွက် အကျိုးရှိစွာသုံးစွဲလျက် ရှိပါကြောင်းနှင့် ရေစီမံ ခန့်ခွဲမှု (Water Management) အားနည်းချက်ကြောင့် ရေဆုံးရှုံးမှု မဟုတ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဤရှင်းလင်းဖြေကြားချက်သည် ပြည့်စုံလုံလောက်ပြီဟု ယူဆပါ၍ ထပ်မံ မေးမြန်း ဖြေကြားရန် မလိုအပ်တော့ပါကြောင်း ထပ်လောင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအစည်းအဝေး ကို ခေတ္တရပ်နားပါမယ်။ ၁၂ နာရီ ထိုးဖို့ ၁၀ မိနစ်အလိုမှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို၁၁း၃၀နာရီ အချိန်တွင် ရပ်နားပြီး ၁၁း၅၀ နာရီအချိန်တွင် ပြန်လည် ကျင်းပါသည်။]

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျာ။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့်ခင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)၏ လက်ရှိတပ်မတော်တွင်တိုက်ခိုက်ရေး တာဝန်မဟုတ်သော စစ်မှုရေးရာဌာနများ၌အမျိုးသမီးစစ်မှုထမ်းများခန့်ထားရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့်အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်းထားတဲ့ လက်ရှိတပ်မတော်တွင် တိုက်ခိုက်ရေးတာဝန် မဟုတ်သော စစ်မှုရေးရာဌာနများ၌ အမျိုးသမီးစစ်မှုထမ်းများ ခန့်ထားရန် ပြည်ထော င်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက အမည် စာရင်းတင် သွင်းထားပါတယ်။

**အချိန်၊ ၁၁း၅၀။**

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၂။**

**ဦးမန်းကံညွန့်၊ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော် ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမန်းကံညွန့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော် ဆွေးနွေးတင်ပြမှာကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ တင်သွင်းသွားတဲ့ လက်ရှိတပ်မတော်တွင် တိုက်ခိုက်ရေး တာဝန်မဟုတ်သော စစ်မှုရေးရာဌာနများ ၌ အမျိုးသမီးစစ်မှုထမ်းများ ခန့်ထားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ ကျွန်တော့်ဆွေးနွေးချက်ကို ဖတ်ကြားတင်ပြဆွေးနွေး ခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော်သည် ၁၉၇၅ ခုနှစ် ဧပြီလ ၄ ရက်တွင် အလုပ်သင်ဗိုလ်လောင်း ဘဝဖြင့် တပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့မှာ ဗိုလ်မှူးကြီး အဆင့်ဖြင့် အငြိမ်းစားယူခဲ့သော စစ်မှုထမ်းဟောင်းတစ်ဦး ဖြစ်ပါတယ်။ ဤအဆိုကို ကျွန်တော်၏ စစ်သက်(၃၅)နှစ် အတွင်းတွေ့ကြုံ ခဲ့ရသော အတွေ့အကြုံများဖြင့် ယှဉ်ထိုးပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၈) ပုဒ်မ ၃၄၈ တွင် မည်သည့် နိုင်ငံသားကိုမျှ အမျိုးသား၊ အမျိုးသမီး အကြောင်းပြု၍ ခွဲခြားမှုမရှိစေရဟု ဖော်ပြထားသကဲ့သို့ ပုဒ်မ ၃၄၉ တွင် နိုင်ငံသားများသည် ပြည်သူ့ ဝန်ထမ်း တာဝန်ထမ်းဆောင်မှုတွင် တူညီသော အခွင့်အလမ်းရရှိစေ ရမည်ဟု လည်းကောင်း၊ ပုဒ်မ ၃၅၂ တွင် နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းရွေးချယ် တာဝန်ပေးအပ်ရာတွင် သတ်မှတ်ထားသော အရည်အချင်းပြည့်စုံပါက အမျိုးသား၊ အမျိုးသမီး ကိုအကြောင်း ပြုလျက် ရာထူးရွေးချယ် ခန့်ထားမှုကို ခွဲခြားမှုမပြုရဟု ဆိုထားပါတယ်။ ထို့အပြင် ပုဒ်မ ၃၈၅ ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ် လပ်ရေး အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟု လည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် နိုင်ငံသားတိုင်း သည် ဥပဒေပြဋ္ဌာန်းချက် များနှင့်အညီ စစ်ပညာသင်ကြား ရန်နှင့် နိုင်ငံတော် ကာကွယ်ရေး အတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်ဟု ဆိုထားတဲ့အတွက် အခြေခံ ဥပဒေက အမျိုးသမီး စစ်မှုထမ်းဆောင်ခြင်းအပေါ် တားမြစ်ထားတာမရှိပါဘူး ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ယခင်ကတည်းက အမျိုးသမီး စစ်မှုထမ်းများ ရှိခဲ့သလို ယခုလည်းရှိနေဆဲပဲဖြစ်ပါတယ်။သို့ရာတွင် အဆိုရှင် ဦးလှဆွေ တင်ပြသလိုတိုက်ခိုက်ရေး တာဝန်မဟုတ်သော စစ်မှုရေးရာဌာနများ၌ ဆိုသော စကားရပ်ကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့်မရှိဘဲ အကန့်အသတ်ဖြင့် ရှိနေခဲ့ပါတယ်။ တပ်မတော်သည် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက် ဟုဆိုအပ်သော ပင်နယ်ကြီး(၃)ခု ဟန်ချက်ညီလည်ပတ်နိုင်မှသာစစ်ရေးရည်မှန်းချက်မှာ အောင်မြင်စွာကောင်းအထည်

ဖော်နိုင်မှာဖြစ်ပါတယ်။ ယခင်က စစ်ဦးစီးစစ်ရေး စစ်ထောက်လှယ်ငန်း တာဝန်များကိုကျွမ်းကျင်စွာ လုပ်ဆောင်နိုင်ခဲ့သော ရုံးဌာနများ၌ အမျိုးသမီးပြန်တမ်းဝင်အရာရှိများကို တာဝန် ပေးအပ်ခဲ့ဘူးပါတယ်။ အပတ်စဥ် အတိအကျ မမှတ်မိသော်လည်း (၄) သို့မဟုတ် (၅) အထိရှိပြီဟု ထင်ပါတယ်။ ပြန်တမ်းဝင်အရာရှိအမျိုးသမီးများသည်ရုံးလုပ်ငန်းများ၌လည်းကောင်း၊အုပ်ချုပ်မှုအကူအတတ်သင်ကျောင်းသင်တန်းများ၌ နည်းပြများအဖြစ်လည်းကောင်း အမျိုးသားအရာရှိများထက်ပင် ပိုမိုစေ့စပ်သေချာ၍ စေတနာပါသောကြောင့် အထူးအောင်မြင်ခဲ့ပါတယ်။ စစ်ရေး ချုပ်ရုံးမှ ဒုတိယ ဗိုလ်မှူးကြီးဒေါ်အေးမြင့်စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်မှူး ဒေါ်မြမြစန်း ၊ ယခု ကျွန်တော်တို့ တပ်မတော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဇဝန၏ မိခင် ဒေါ်အမာကြည် တို့ဟာလည်း အမျိုးသမီးစစ်မှုထမ်းများဖြစ်ပြီး လုပ်ငန်းတာဝန်များ အလွန်ထူးချွန်ကြပါတယ်။ ကျွန် တော်တို့ရဲ့ ဆရာသမား မိဘများဆိုကလည်း မမှားပါဘူး။ ယခုထိုအမျိုးသမီးစစ်မှုထမ်းများမရှိတော့တာကြာပြီ ဖြစ်ပါတယ်။ ဦးလှဆွေ တင်ပြသလို ရုံးလုပ်ငန်းများထမ်းဆောင်နေသည့် ကွန်ပျူတာစာရေး၊ ရုံးအုပ် နှင့် တပ်ရေး၊ တပ်ထောက်အရာရှိ အမျိုးသားများနေရာ၌ အမျိုးသမီးစစ်မှုထမ်းများအားပိုပါပြန်လည် တာဝန်ပေးအပ် သင့်ပါတယ်။ အလားတူပါပဲ ယခင်က အမျိုးသမီးသူနာပြု စစ်မှုထမ်းများသည် စစ်ဆေးရုံများ၌ သန့်ရှင်းရေး၊ သူနာပြုစုရေး၊ ဦး၊ ရေး၊ ထောက် ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်များတွင် ကျွမ်းကျင်စွာဆောင်ရွက်နိုင်သကဲ့သို့ လူနာများအပေါ် လည်းမိခင်စိတ်ဖြင့် နွေးထွေးသောကြင်နာမှုကိုပေးနိုင်ခဲ့ကြပါတယ်။ ယခုစစ်မှုထမ်း အမျိုးသားသူနာ ပြုများကတော့ မိခင်စိတ်ကို ဘယ်လိုမှ မပေးနိုင်ကြတဲ့အတွက် တိုင်းပြည်အတွက် ကိုယ်လက် အင်္ဂါများ စွန့်လွှတ်စွန့်စားခဲ့ရသော လူနာစစ်သည်များအတွက် ကုသခံယူရမှုမှာ မေတ္တာရဲ့အေးမြခြင်းကို လိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါအလုပ်အကိုင် ရှားပါးမှု၊ ဝမ်းရေးခက်ခဲမှုကြောင့် အချို့ဘွဲ့ရ ပညာတတ် အရွယ်ကောင်း မိန်းကလေးများသည် လည်းကောင်း၊ ပညာတစ်ပိုင်းတစ်စ အရွယ်ကောင်း မိန်းကလေးများသည်လည်းကောင်း၊ တစ်ဖက်နိုင်ငံတွင် သူ့ဝန်မထမ်းချင်သော်လည်း တရားဝင်တစ်မျိုး၊တရားမဝင်တစ်မျိုး သွားရောက်အလုပ်လုပ်နေကြပါတယ်။ ရိုးသားစွာဝမ်းစာအတွက် သွားရောက် အလုပ် လုပ်ကိုင် နေကြရသော်လည်း ဖိုမသဘာဝ၊ အလုပ်ရှင်နှင့် အလုပ်သမား သဘာဝများကြောင့်အဓမ္မ အနိုင်ကျင့်ခံရမှုများကို အချို့ အလုပ်သမများ ခံနေကြရပြီး ပြန်ပြောဖို့ ပြန်တိုင်ဖို့လည်း ခက်တာကြောင့် ရင်နာနာ နဲ့ ဘဝပျက်ခဲ့ရသူများ ဒုနဲ့ဒေးရှိနေပါတယ်။

ထိုဘ၀ထက်စာရင် ကိုယ့် တိုင်းပြည် ကိုယ့်လူမျိုးအတွက် အသက်ပေးကာကွယ်ရတဲ့ မျိုးချစ်စိတ်နဲ့ စစ်မှုထမ်းဖို့ ၀န်လေး မှာ မဟုတ်ပါဘူး။ စစ်မှုထမ်းခွင့်ရဖို့သာ အဓိကဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ကျွန်တော်တို့စတင်စစ်မှုထမ်းဆောင်စဉ်က တပ်ရင်းတစ်ရင်း ဖွဲ့စည်းပုံ ၇၂၁ ယောက်မှာ အင်အား ၆၀၀ ကျော်ရှိပြီး စစ်ထွက်အင်အား ၅၀၀ ကျော်ပါတယ်။ အင်အား ၅၀၀ မပြည့်ရင် လားရှိုးတိုင်း စစ်ဌာနချုပ်ကျော်ပြီး စစ်ဆင်ရေးနယ်မြေကို သွားလို့ မရပါဘူး။ တစ်လနားချိန် စစ်ရေးချုပ်ရုံးသွားပြီး အင်အားညှိ ရပါတယ်။ စစ်ထွက် ၅၀၀ ကျော်ဖို့ စစ်ထွက် ၅၀၀ ကျော်ရှိဖို့ ဖြည့်တင်းအင်အားတောင်းရပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမန်းကံညွန့်အင်အားတွေနဲ့ ပတ်သက်ပြီးတော့ ဒါလျှို့ဝှက်ချက်တွေ ဖြစ်တယ်။ ဒီမှာ ပြောစရာမလိုပါဘူး။

**ဦးမန်းကံညွန့်၊ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဒါ ကျွန်တော် အရင် အဟောင်းပြောတာပါ ခင်ဗျား။ အသစ်ကို ကျွန်တော် လျှို့ဝှက်လို့ဘဲ ဆက်သုံးထားပါတယ်။ ယခု တပ်ရင်းတွေရဲ့ ဖွဲ့စည်းပုံဟာ ယခင် ၇၂၁ ယောက်ထက် ရာဂဏန်း ပိုပါတယ်။ လုံခြုံမှု အဆင့်မို့ မတင်ပြတော့ပါဘူး။ ဒါပေမယ့် အခုစစ်ထွက်အင် အားကတော့ ဖွဲ့စည်းပုံရဲ့ (၅)ပုံ (၁)ပုံ ရှိတဲ့ တပ်ဟာ အင်းအား ကောင်းတဲ့ တပ်လို့ပြောရမှာ ဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်သည် အမျိုးသားစစ်မှုထမ်းတွေဟာ အမျိုးသားစစ်မှုထမ်းအချင်းချင်းရှေ့မှာ စွမ်းရည်သတ္တိ ပြရတာ ထက် ဆန့်ကျင်ဘက်လိင်ဖြစ်တဲ့ အမျိုးသမီးစစ်မှုထမ်းများရဲ့ ရှေ့မှာ စွမ်းရည်ဘွဲ့တံဆိပ်တွေ ပိုပြီး ယူလိုကြမှာပါ။ ကျွန်တော် ပြောရဲပါတယ်။ အမျိုးသမီး စစ်မှုထမ်းတွေ တာ၀န် ထမ်းဆောင်ခွင့် ရချိန်မှာ တပ်မတော်သားတွေ စစ်ပြေးမှုရာနှုန်း အလွန်နည်းသွားပါလိမ့်မယ်။ တစ်နှစ် တစ်နှစ် စစ်ပြေးမှု ကျူးလွန်တာဟာ စစ်သားစုဆော င်းရမှုထက် တစ်ခါတစ်ရံများနေ တတ်ပါတယ်။ အမျိုးသမီး စစ်မှုထမ်းများ ရှိလာတဲ့အခါ သူရဲဘောကြောင်ပြီး စစ် ပြေးမှု ကျူးလွန်သူလည်း နည်းလာသလို စစ်မှု ထမ်းဆောင်လိုတဲ့ အမျိုးသားတွေလည်း ပိုများလာပြီး စစ်သား စုဆောင်း ရတာလည်း ပိုလွယ်လာမယ်လို့ ထင်မြင်မိပါတယ်။ စစ်သည်များ၏ ကြံ့ခိုင်မှုစွမ်းရည်ဟာလည်း စစ်မှုထမ်း အမျိုးသမီးများနဲ့ အတူယှဉ်လာရတဲ့အခါ မိမိကိုယ်မိမိရှက်ပြီး ပိုမိုသန်စွမ်းအောင် လေ့ကျင့် လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အုပ်ချုပ်မှုဌာနစာရေးများ ရုံးအုပ်များ၊ သူနာပြုများ၊ ယာဉ်မောင်းများ၊ ဆက်သွယ်ရေးတပ်ဖွဲ့ အချို့လုပ်ငန်းများထောက်ပံ့နှင့်ပို့ဆောင်ရေးလုပ်ငန်းများစစ်လက်နက်ပစ္စည်း

တပ်များ၊ နယ်လှည့်ဆက်ဆံရေး တပ်များ၊ ပညာရေးတပ်များ၊ ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်များမှာ တာဝန်ပေးအပ်လို့ရပါတယ်။ တိုက်ခိုက်ရေး တပ်ဖွဲ့များမှာ တာဝန်ပေးမယ်ဆိုရင်တောင် မရနိုင်စရာမရှိပါဘူး။ ကျွန်တော် တပ်မတော်မှာ တာဝန်ထမ်းဆောင်စဉ်က နည်းဗျူဟာအချင်းချင်း ဆွေးနွေးဖူးပါတယ်။ အမျိုးသမီးစစ်မှုထမ်းတွေ ခွင့်ပြုရင်ဆိုရင်နဲ့ခွင့်ပြုရင် ကောင်းမှာပဲလို့ အလုပ်တစ်ခုလုပ်ရင် အကောင်းအဆိုးရှိမှာပါပဲ၊ အကျိုးအပြစ်ရှိမှာပါပဲ အပြစ်ထက်အကျိုးပို ရှိရင် လုပ်သင့်ပါတယ်။ ဒီနေ့ တပ်ရင်းတွေ၊ ဌာနချုပ်ကြီး တွေမှာ အင်အားပြည့်တဲ့တပ်ဌာန မရှိပါဘူး။ တပ်သားသစ်စုရတာလည်း အရည်အချင်းကိုက်ညီတဲ့ တပ်သားသစ် ရှားပါး လာပြီ ဖြစ်ပါတယ်။ စစ်မှုထမ်းလိုတဲ့ လူငယ်တွေလည်းနည်းပြီး မျိုးချစ်စိတ်များ လျော့နည်းကာ တစ်ဖက်နိုင်ငံမှာရရာ အလုပ်ကို လုပ်မယ်ဆိုပြီး ဒုက္ခခံပြီး သွားကြပြီးမှ ပျက်စီးသွားကြတဲ့လူငယ်တွေ များလာပါတယ်။ တိုင်းပြည်ချစ်စိတ်နိုင်ငံချစ်စိတ်စွန့်လွှတ် စွန့်စားလိုတဲ့စိတ် လူငယ်တွေဆီ ပြန်ရောက်လာဖို့ အမျိုးသမီးစစ်မှုထမ်းခြင်းကိုအကန့်အသတ်မထားဘဲသင့်တော်ရာလုပ်ငန်းဌာနတွေမှာအရည်အချင်းအလျောက် တာဝန်ပေးရင် မျိုးချစ်စိတ် ပြန်လည်ရှင်သန်အောင် လုပ်နိုင်မယ်လို့ အချင်းချင်းဆွေးနွေးတိုင်ပင်ဖူးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကြမ်းတမ်းခက်ခဲတဲ့ဒဏ်ကို အမျိုးသမီးများမခံနိုင်ဘူး။ အမျိုးသားများသာ ခံနိုင်တယ်လို့တချို့ထင်ကြပါတယ်။ လက်တွေ့မှာ အမျိုးသမီးတွေက အမျိုးသားတွေထက် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုမှာ ပိုကောင်းတာ တွေ့ရပါတယ်။ ကရင်ပြည်နယ်အတွင်း ကျွန်တော်တို့ တပ်မတော်နဲ့ K.N.U လက်နက်ကိုင်တပ်ဖွဲ့တွေ တိုက်ပွဲတွေ ပြင်းထန်ချိန်မှာ ယောကျ်ားရွာသူကြီး မရှိပါဘူး။ မိန်းမရွာသူကြီးတွေပဲ ရွာကိုအုပ်ချုပ်ပြီး တပ်မတော်နဲ့ K.N.U လက်နက်ကိုင်တွေကြားမှာ မိမိကျေးရွာမပျက်စီး ရအောင် ထိန်းသိမ်း ကြတာ လက်တွေ့ပါပဲ။ အမျိုးသမီးတွေဟာ စိတ်ရှည်တယ်၊ သည်းခံတယ်၊ လိမ္မာပါးနပ်တယ်၊ ကြမ်းတမ်းမှုကို ယဉ်ပါးအောင်လုပ်တတ်တယ်၊ စေ့စပ်သေချာတယ်၊အသေးအဖွဲကအစ မြင်တတ်တဲ့ သဘာဝဟာ စစ်မှုထမ်းဆောင်ခြင်းမှာ အလွန်အရေးပါတယ်။ ဒါကြောင့်လည်း နိုင်ငံတကာတပ်ဖွဲ့တွေမှာအမျိုးသမီးတွေပါဝင်နေတာဖြစ်ပါတယ်။ ယနေ့ ဥက္ကဋ္ဌကြီးနှင့် ကျွန်တော်တို့ကို လုံခြုံရေးတာဝန်ယူပေးနေတဲ့ လုံခြုံရေးအထူးတပ်ဖွဲ့မှာပါတဲ့ အမျိုးသမီး အမှုထမ်းတွေရဲ့ ဟန်ပန်ဟာ လွှတ်တော်ကိုယ်စားလှယ်များကို ရင်သပ်ရှုမော ဖြစ်ကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊အမျိုးသမီးစစ်မှုထမ်းခွင့်ရဖို့ သာဓကအမျိုးမျိုးပြပြီးပြောင်းပြရရင် ပေးတဲ့ မိနစ်(၂၀)အပြင် နှစ်နာရီကြာလည်း မပြီးနိုင်ပါဘူး။ ကျန်တဲ့ဆွေးနွေးမယ့် သူများအတွက် အချိန်ကို

ငဲ့ကွက်ရင်း အဆိုရှင်ဦးလှဆွေရဲ့ လက်ရှိတပ်မတော်တွင် တိုက်ခိုက်ရေးတာဝန်မဟုတ်သော စစ်မှုရေးရာဌာနများ၌ အမျိုးသမီးစစ်မှုထမ်းများ ခန့်ထားရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကိုထောက်ခံဆွေးနွေးရင်းနိဂုံးချုပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဥက္ကဋ္ဌ အနေနဲ့ လုံခြုံရေးရှုထောင့်က သတိပေးသော်လည်းဦးမန်းကံညွန့်က တိကျစွာလိုက်နာခြင်းမရှိတဲ့အတွက် ပြင်းထန်စွာ မှတ်တမ်းတင်သတိပေးကြောင်း ဆုံးဖြတ်တယ်။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၃။**

**ဦးစောထွန်းမြအောင်၊ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စုနက်ကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား မင်္ဂလာပါလို့ ပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော် ထောက်ခံ ဆွေးနွေးမယ့် အဆိုကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်းသော လက်ရှိတပ်မတော်တွင် တိုက်ခိုက်ရေးတာဝန်မဟုတ်သော စစ်မှုရေးရာဌာနများ၌ အမျိုးသမီးစစ်မှုထမ်းများခန့်ထားရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ပထမအချက်အနေနဲ့ကတော့ အမျိုးသမီးစစ်မှုထမ်းခြင်းဖြင့် အမျိုးသမီးများအလုပ်လက်မဲ့ ပြဿနာဖြေရှင်းရေး ပထမအဆင့် အောင်မြင်မှုအဖြစ် ဖြစ်မှာဖြစ်ပါတယ်။ မြန်မာပြည်ရှိ အမျိုးသမီးများအနေဖြင့် တော်တော်များများသည် (၁၀)တန်းအောင်ခဲ့ ကြသူများရှိသလို မအောင်ခဲ့သော သူများလည်း ရှိခဲ့ပါတယ်။ မိမိဘဝတွင် ကိုယ်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် နိုင်ငံတော်အစိုးရက ဖန်တီးပေးမှုနှင့် ၎င်းမှ တစ်ဆင့် မိမိကြိုက်ရာ ဘာသာရပ်များဘက်သို့ ကူးပြောင်း၍ ဆောင်ရွက်ခြင်းဖြင့် အလုပ်လက်မဲ့ ပြဿနာကို နည်းလမ်းတစ်ခုအနေဖြင့် ဖြေရှင်းသွားနိုင်မှာ ဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ နောက်တန်း တာဝန်အဖြစ် ဆက်သွယ်ရေး တာဝန်၊ ဆေးတပ်ဖွဲ့တာဝန်၊ လက် ရုံးတပ်ဖွဲ့တာဝန်၊ မှတ်တမ်းရုံးတာဝန်၊ အုပ်ချု ပ်မှုတာဝန်၊ ထောက်ပို့တာဝန်၊ ဆေး ရုံများတာဝန်တွေမှာ နောက်တန်းမှာ တာဝန်ပေးခံရခြင်းဖြင့် အနာဂတ် အင်အားထုတစ်ရပ်အဖြစ် ဖော်ဆောင်နိုင်မည် ဖြစ်ပါတယ်။ ဒီမိုကရေစီထွန်းကားသော နိုင်ငံတိုင်းတွင် အမျိုးသမီးများလည်း အမျိုးသားနှင့်တန်းတူ ရည်တူတာဝန်များ ထမ်းဆောင်လျက်ရှိကြောင်း မျက်မြင်ကိုယ်တွေ့ဖြင့် တွေ့မြင်နေရပါတယ်။ ဒါကြောင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေ တင်သွင်းသော လက်ရှိ

တပ်မတော်တွင် တိုက်ခိုက်ရေးတာဝန်မဟုတ်သော စစ်မှုရေးရာဌာနများ၌ အမျိုးသမီးစစ်မှုထမ်းများ ခန့်ထားရေး အဆိုအား လေးလေးနက်နက် ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

(ဩဘာသံများ)

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့ စပ်လျဉ်းပြီး ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကဆွေးနွေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၂း၀၆။**

**ဗိုလ်မှူးကြီးအောင်သော် (ဒုတိယဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန)၊** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးလှဆွေ၏ လက်ရှိတပ်မတော်စစ်မှုထမ်းများ၌ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန် တိုက်ခိုက်ရေးတာဝန်မဟုတ်သော စစ်မှုရေးရာ ဌာနများ၌ အမျိုးသမီးစစ်မှုထမ်းများခန့်ထားရေး နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် ပတ်သက်ပြီးတော့ တပ်မတော် အတွင်းမှာ ၁၉၄၈ ခုနှစ်မှ ယနေ့အထိ အမျိုးသမီး စစ်မှုထမ်းစစ်သည် အစားခန့် အပါအဝင် အင်အားမှာ ကာကွယ်ရေး ပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံးကွပ်ကဲမှု အောက်တပ်များတွင်(၁၂၀၀၀)ခန့်၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်များတွင် ၅၀၀ ခန့်၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်တပ်များတွင် ၇၃၀၀ ခန့်နှင့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်များတွင် ၅၀၀ ခန့်၊ စုစုပေါင်း ၂၀၃၀၀ ခန့်၊ အမျိုးသမီး စစ်မှုထမ်းစစ်သည်အစားခန့် အပါအဝင် ခန့်အပ်ခဲ့ပါတယ်။ လက်ရှိအားဖြင့်ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်မတော်ရုပ်မြင်သံကြား ထုတ်လုပ်ရေးတပ်များ တပ်မတော်ပညာရေးကျောင်းများ စာပေတိုက်၊ သတင်းစာတိုက်များ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတဖွဲ့များ အစရှိသည့်တပ်များတွင် စစ်သည် အစားခန့် အမျိုးသမီးအင်အား ၅၀၀ခန့် ခန့်အပ်ထားရှိပါတယ်။ ဒေါ့ အပြင် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်များအတွက် အမျိုးသမီးဆရာဝန်ဘွဲ့ရ ၂၀ ခန့်၊ သူနာပြု ဘွဲ့ရ၁၀၀ခန့်၊ တပ်ကြပ်ကြီး သားဖွားစစ်သည်အစားခန့် ၁၀၀ ခန့်နှင့် သူနာပြုအကူ ၁၀၀ ခန့်

စုစုပေါင်း ၃၂၀ ခန့်ကိုလည်း ထပ်မံခန့်အပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်နိုင်ငံတော် စစ်မှုထမ်းဥပဒေတို့အရ လိုအပ်သည့်အချိန်တွင် လိုအပ်သလိုခန့်ထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ခင်ဗျား။

**အချိန်၊၁၂း၀၉။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေ တင်သွင်းတဲ့ လက်ရှိတပ်မတော်တွင် တိုက်ခိုက်ရေးတာဝန်မဟုတ်သော စစ်မှုရေးရာဌာနများ၌အမျိုးသမီးစစ်မှုထမ်းများခန့်ထားရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန်သဘောတူမတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို အမျိုးသား လွှတ်တော်ဆိုင်ရာနည်း ဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥဒေခွဲငယ် ၃ အရ မတ်တပ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါမယ်။ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့နေရာများမှာ မတ်တပ်ရပ်ကြဖို့ ဖြစ်ပါတယ်။အားလုံးထိုင်နိုင်ပါပြီ။

မတ်တပ်ရပ်ပြတဲ့ လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ (၄၀)ဦးနဲ့ အထက်ရှိတဲ့အတွက် ဦးလှဆွေ ရဲ့အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ လယ်လုပ်ပိုင်ခွင့်များ ဆုံးရှုံးခြင်းမရှိစေရန် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ရန်ကုန်တိုင်းဒေသကြီး၊ မဲန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် တင်သွင်းထားတဲ့လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရာတွင် တောင်သူလယ်သ မားများ လယ် လုပ်ပိုင်ခွင့်များ ဆုံးရှုံးခြင်းမရှိစေရန် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၅)ဦး က အမည် စာရင်းတင်သွင်းထား

ပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါက်တာမြင့်ကြည်ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၂း၁၀။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ် ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား မင်္ဂလာပါဟု ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂) ဦးဆွေအောင်၏ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုး တိုးတက်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် ထော်လယ်သမားများ လယ်လုပ်ပိုင်ခွင့် ဆုံးရှုံးခြင်းမရှိစေရန် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် ဆွေးနွေးတဲ့ အခါမှာ အင်္ဂလိပ် စကားလုံး အသုံးအနှုန်းများ ပါလာလို့ရှိရင် ခွင့်ပြုပေးပါရန် ကြိုတင်ပြီးတော့ ခွင့်ပြုချက် ရယူပါတယ်။

ကျွန်တော့်အနေနဲ့ ဦးဆွေအောင် တင်ပြသွားတဲ့အထဲမှာ လယ်သမားတွေရဲ့ ဘ၀ ၊ လယ်သမားတွေရဲ့ဖြစ်ရပ် လယ်သမားပေါင်း ၆၀၀ ကျော်ဟာ လယ်ဧက ပေါင်း ၆၀၀၀ နီးပါးမျှ လက်လွှတ်ဆုံးရှုံး ပြီးတော့အသိမ်းခံရမယ့် သဘောမျိုးတင်ပြထားတာတွေရှိပါတယ်။ ကျွန်တော့် အနေနဲ့ လိုအပ်ချက်လောက်ကိုသာ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ တချို့အပိုင်းတွေက ဦးဆွေအောင်ရဲ့ တင်ပြချက်မှာ တော်တော်ပြည့်ပြည့်စုံစုံ ပါပါတယ်။ ဦးဆွေအောင် တင်ပြသွားတဲ့ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်းနဲ့ ဆိပ်ကမ်း မြို့နယ်မှာရှိနေတဲ့ လယ်သမားများဟာ သူတို့ ရှေးအစဉ်အဆက်ထဲက ဒီလယ်မြေတွေကို လုပ်ကိုင်ဆောင်ရွက်ခဲ့ ကြတာဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ် မှာ လန-၃၉ ဆိုပြီးတော့ အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပါတယ်။ ထုတ်ပြန်ခဲ့သော်လည်းပဲ ဒီလယ်သမား ကြီးများဟာ ဒီမှာဆက်လက်ပြီးတော့ သူတို့လယ်ယာတွေကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရနေကြတယ် ဆိုတာ တွေ့ရှိရပါတယ်။

သို့သော် ၂၀၀၈ ခုနှစ်မှာ ကျွန်တော်တို့ နိုင်ငံတော်အစိုးရကလည်းပဲ ဒီနေ့အချိန်ထိ ကျွန်တော်တို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာကနေ စက်မှုလယ်ယာ တိုးတက်ဖွံ့ဖြိုးရေး အတွက်နောက် လယ်သမားတွေ ဆင်းရဲမွဲတေမှုလျော့ပါးရေးအတွက် ဒီအစီအစဉ်

တွေ သဘောမျိုးနဲ့ ကုမ္ပဏီများနှင့်အတူ လယ်သမားများဟာ အကျိုးတူပူးပေါင်း ဆောင်ရွက်လို့ ရှိရင် လယ်ယာကဏ္ဍဟာလည်းပဲ တိုးတက်လာမယ်။ လယ်သမားတွေဟာလည်းပဲ စားဝတ်နေရေး တွေ ပြည့်စုံလာမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းကို ဆောင်ရွက်ခဲ့တဲ့ သဘောတွေ ရှိရပါတယ်။ သို့သော်လည်းပဲ ထိုကဲ့သို့ အကျိုးတူ ပူးပေါင်း ဆောင်ရွက်ကြရာမှာ လယ်သမားများနှင့် ကုမ္ပဏီကြား သူတို့ရဲ့ အဆင်မပြေမှုများစွာ ပေါ်ပေါက် ခဲ့ကြပါတယ်။

ဒါကြောင့်မို့လို့ လယ်သမား များဟာ လယ် တွေမှာဆောင်ရွက်ခြင်းကို မပြုလုပ်ရတဲ့ သဘောမျိုးမပြုလုပ်ကြတဲ့ သဘောမျိုးတွေ့ရှိရပါတယ်။ ဒါ့ကြောင့် လက်ရှိအခြေအနေမှာ လန-၃၉ ကလည်း ထုတ်ထားတဲ့အတွက်ကြောင့် ဒီကုမ္ပဏီများဟာဒီလယ်မြေနောက် ကျွန်တော်တို့ လယ်ယာ မြေဟာ လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်ဆိုတဲ့ ဥပဒေအရဒီဟာတွေကို သူတို့ပိုင်ဆိုင်တဲ့ သဘောမျိုး အနေနဲ့ လယ်သမားတွေကို ကာလပေါက်ဈေး ငါးသိန်းလောက်ရှိတဲ့ လယ်မြေတွေကို ၃၅၀၀၀၊ ၄၀၀၀၀၊ ၄၅၀၀၀ စသည်အားဖြင့် ငွေပေး ချေပြီးတော့ ရယူနေကြောင်းကိုတင်ပြ ဆွေးနွေးထား ပါတယ်။ ကျွန်တော့်အနေနဲ့ လန - ၃၉ ဆိုတာ Land Nationalization Act ဒါဟာလည်း Burma Code ကျွန်တော်တို့ Vol-10 မှာ ရှိပါတယ်။ ဒါဟာကျွန်တော့်အနေနဲ့ကတော့ ဒီဟာတွေကို အများကြီးရှင်းမယ်ဆိုလို့ရှိရင် အချိန်တွေကတော်တော်လေးယူရပါမယ်။ ကျွန်တော့်အနေနဲ့ ဒီကိစ္စကို အသေးစိတ်မရှင်းတော့ပါဘူး။ အဲဒီ အထဲက လန - ၃၉ ဆိုတာ ကျွန်တော်သိသလောက်ကတော့ လန - ၃၉ ရအောင် တော်တော်လေး Process တွေလုပ်ရကိုင်ရတဲ့အဆင့်တွေက တော်တော်လေး ခဲယဥ်းပါတယ်။ အဲဒီတော့ လန- ၃၉ ကရပြီးပြီဆိုရင်လည်း အဆောက်အဦတွေကျွန်တော်တို့ ဆောက် ကြပါတယ်။ ကျွန်တော်တို့သာသနာရေးဆိုလည်း ဘုန်းကြီးကျောင်းတွေဆောက်တယ်။ ကျွန်တော်တို့ Church တွေဆောက်တယ် စသည်အားဖြင့် ဒီလို ဆောက်ခွင့်တွေရပြီးတော့ ဆောင်ရွက်သွားတဲ့ သဘောမျိုးဖြစ်ပါတယ်။ အခုဒီမှာကတော့ လန - ၃၉ ကတော့ထွက်ပြီ။ သို့သော် လယ်တွေလည်းပဲ ဆက်ပြီးတော့ လုပ်ကိုင်ခွင့်တွေပေးထားတယ်ဆိုတော့ဒီကိစ္စဟာလည်းပဲ ကျွန်တော်တို့သေသေချာချာ ပြေပြေလည်လည်နဲ့ စိစစ်ဆောင်ရွက်ရမယ့်ကိစ္စ သဘောမျိုးဆိုတာဟာ ကျွန်တော်အနေနဲ့ထောက်ခံ တင်ပြဆွေးနွေးအပ်ပါတယ်။

နောက်တစ်ချက်ကတော့ ဒီလယ်တွေအဲဒီလိုလုပ်နေရာ ကနေပြီးတော့ အခု ကုမ္ပဏီများ ကနေ သူတို့ပိုင်တယ်ဆိုပြီးတော့ ငွေပေးယူတဲ့အချိန်မှာလည်းပဲ ကျွန်တော်တို့ ဒီလယ်ယာနဲ့ ပတ်သက်

ပြီးတော့ ဥပဒေ အခုအချိန်အထိ ကျွန်တော် လေ့လာတွေ့ရှိရသလောက်က ဥပဒေ (၁၅)ခု ရှိပါတယ်။ ဥပဒေ (၁၅) ခုဟာ ကျွန်တော်တို့ နိုင်ငံတော်အစိုးရက ဒီဟာတွေ ဟာ အခုအချိန်အထိ ဆက်လက်သုံးစွဲပြီးတော့ တည်တံ့နေတဲ့သဘောမျိုး ရှိပါတယ်။ အဲ ဒီတော့ အဲဒီဥပဒေတွေထဲက Land Acquisition Act ဆိုတာရှိပါတယ်။ ကျွန်တော်တို့ ဒါမြေယာသိမ်းယူတဲ့ ဥပဒေပါ။ အဲဒီ ဥပဒေအရဆိုရင် မြေတွေကို ကျွန်တော်တို့ သိမ်းတော့မယ် သိမ်းတော့မယ်ဆိုရင် နိုင်ငံတော်သမ္မတ တစ်နည်းအားဖြင့် ဒီတာဝန်ပေးတဲ့ ပုဂ္ဂိုလ်ကနေ ပြန်တမ်းမှာ ထုတ်ပြန်ကြေညာရပါတယ်။ ထုတ်ပြန် ကြေညာပြီး ရက် ၃၀ အတွင်းမှာ ကန့်ကွက်သူ မရှိဘူးဆိုရင် ပုဒ်မ ၆ အရ ဒီလယ်မြေတွေကို သိမ်းပြီ ဆိုတာ အတိအလင်း ကြေညာရပါတယ်။ အဲဒီလိုကြေညာပြီး တဲ့အခါကျတော့မှ အဖွဲ့ဖွဲ့ပေးရပါတယ်။ အဖွဲ့ဖွဲ့ပေးပြီးတော့ ဒါပုဒ်မ ၁၇ သူတို့ထဲမှာ ဆိုထားပါတယ်။ အဲဒီအရ ကျွန်တော်တို့ အခုနတုန်းက မြေတွေကိုသုံးစွဲနေတဲ့ လူတွေနဲ့ အခုသိမ်းယူတဲ့အဖွဲ့နဲ့ ကုမ္ပဏီနဲ့ပဲဖြစ်ဖြစ် ညှိနှိုင်းပြီးတော့သင့်တင့် မျှတတဲ့ လျော်ကြေးငွေတွေလည်း ပေးရပါတယ်။ ဒီအခါမှာ မကျေလည်ဘူးဆိုရင် တရားဥပဒေ အရ စွဲဆိုလို့လည်းရရှိပါတယ်။ ဒါကြောင့်မို့လို့ လယ်ယာမြေတွေကိစ္စမှာ ခုနကလန - ၃၉ ဥပဒေရယ် Land Acquisition Act ဥပဒေရယ် ဒီ ၂ ခုနဲ့ ရောထွေးပြီးတော့ ဒီကိစ္စတွေဟာ ရှိနေပါတယ်။ ဒီအတွက်ကြောင့် လယ်သမားတွေ အနေနဲ့လည်းပဲ ကျွန်တော်တို့ကဆုံးရှုံးမှု မရှိအောင်၊ သီးစားခကို ပြန်ပြီးတော့ ဒီလယ်မြေတွေကို ပေးမယ်ဆိုရင်လည်း သူတို့ ကိုဆုံးရှုံးမှု မရှိ အောင် စဉ်းစား ဆောင်ရွက်သင့်ပါတယ်။ တစ်နည်းအားဖြင့် သူတို့ ကိုပြန်ပြီးတော့ သီးစားချထားမယ် ဆိုလို့ ရှိရင်လည်း ဒါ ဖြစ်နိုင်ခြေရှိပါတယ်။ မဟုတ်လို့ရှိရင်လည်းဘဲ ခုနတုန်းက ကုမ္ပဏီတွေအနေနဲ့ လယ်ယာလုပ်သားတွေနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မယ်ဆိုရင်လည်း ပြန်လည်ညှိနှိုင်း ပြီးတော့ လုပ်ထုံးလုပ်နည်းတွေအရ ကျွန်တော်တို့ ကတိကဝတ်တွေနဲ့ Agreement တွေနဲ့ စာချုပ်တွေ ချုပ်ဆိုပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ပြေလည်နိုင်တယ် ဆိုတဲ့သဘောမျိုး ကျွန်တော့်အနေနဲ့တော့ တင်ပြဆွေးနွေးလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဦးဆွေအောင် တင်ပြတဲ့ဒီအဆိုကို အခု နိုင်ငံတော် အစိုးရကလည်းပဲ ဒီမိုကရေစီလမ်းကြောင်းကိုသွားနေတယ်။ ဆင်းရဲမွဲတေမှုကိုလည်း လျှော့ပါးအောင် ဆောင်ရွက်နေတယ်။ လယ်ယာကဏ္ဍကိုလည်း ကျွန်တော်တို့က တိုးတက်အောင်ဆောင်ရွက်နေတယ်။ ဒီလိုအချိန်အခါမျိုးမှာခုလို လယ်ယာမြေသိမ်းယူတဲ့ကိစ္စ၊ သိမ်းတယ်ဆိုတဲ့ သဘောမျိုးတွေဟာ ကျွန်တော်တို့ပြည်ထောင်စုအစိုးရအနေနဲ့ပြေပြေလည်လည်ဖြစ်အောင် ရှင်းလင်းဆောင်ရွက်ပေးရန် သင့်တော်ကြောင်းတိုက်တွန်းရင်းနဲ့ ထောက်ခံတင်ပြ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၈။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးတင်ယုဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၈။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ မဲဆန္ဒနယ် အမှတ် (၁၁)မှ အမျိုး သားလွှတ်တော် ကိုယ်စားလှယ် ဦး တင်ယု ဖြစ်ပါတယ်။ ကျွန် တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆွေအောင် တင်သွင်းတဲ့ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ လယ်လုပ်ပိုင်ခွင့်များ ဆုံးရှုံးမှု မရှိစေရန် ထိန်းသိမ်းကြပ်မတ်ပေးပါရန် တင်သွင်းတဲ့အဆို ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆွေးနွေးချက်ကို ဖတ်ကြားဆွေးနွေး ခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ် အရှေ့ပိုင်း မြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တို့မှ လယ်သမား (၆၁၅)ဦးဟာ လယ်ဧက (၆၂၄၇.၉၄) လုပ်ပိုင်ခွင့် လက်လွှတ်ဆုံးရှုံးနေကြောင်း အဆိုရှင်ရဲ့ တင်ပြချက်အရ သိရှိရပါတယ်။ လယ်သမားများရဲ့ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဧကအထွက်နှုန်း တိုးတက်စေရန် ရည်ရွယ်ပြီးတော့ လယ်သမားများနဲ့ ကုမ္ပဏီများ အကျိုးတူပူးပေါင်းစိုက်ပျိုးမှုတွင် လယ်သမားများ ဘက်မှ နစ်နာနေကြောင်း တွေ့ရှိရပါတယ်။ အထက် တင်ပြပါ လက်ငုတ်လယ်မြေ (၆၂၄၇.၉၄) ဧကကို လယ်သမားများမှ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် အဆင်ပြေသဖြင့် လယ်လုပ်ငန်း လုပ်ချင်ပါလျက် စွန့်လွှတ်သွားရသဖြင့် ကုမ္ပဏီများမှ အလိုအလျောက် လယ်လုပ်ကိုင်ခွင့်ရရှိသူ လယ်ပိုင်ရှင်ပုံစံမျိုး အလိုအလျောက်အခွင့်ထူးရ ရှိနေသကဲ့သို့ဖြစ်နေပါတယ်။ လယ်သမားများအား မူလလယ်များကို ပြန်လည်လုပ်ကိုင် စေသင့်ပါတယ်။ အဆိုပါ ကုမ္ပဏီများအနေဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် စပါးစိုက်ပျိုးရန် (၃)နှစ်စာချုပ် ချုပ်ဆို၍ အငှားချထားကြောင်း လေ့လာသိရှိရပြီးအချို့စာချုပ်များမှာနောက်(၆)လခန့်လအကြာတွင်စာချုပ်သက်တမ်း ပြည့်တော့မှာ ဖြစ်ပါတယ်။ အဆိုပါ စာချုပ်များကို ဆန်းစစ် ကြည့်ရာမှာလည်း လက်ငုတ်လယ်သမားများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက် လုံးဝပါရှိခြင်း မရှိသည်ကို လေ့လာတွေ့ရှိ

ရပါတယ်။ လက်ငုတ်လယ်သမားများနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ကုမ္ပဏီများကိုစာရေးဝင် စာဖြင့် သတ်မှတ်ပေးထားခြင်းမရှိသဖြင့် ကုမ္ပဏီများဘက်မှ ယင်းတာဝန်မရှိဟု သတ်မှတ်ယူဆပြီး ကုမ္ပဏီများနှင့်လက်ငုတ်လယ်သမားများတရားဝင်စာချုပ်ဖြင့်အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းကို တိတိကျကျ ခိုင်ခိုင်မာမာ ဆောင်ရွက်ခြင်း မရှိတဲ့အတွက် လက်ငုတ်လယ်သမားများ လယ်ယာလုပ်ပိုင်ခွင့် မရဘဲ စားဝတ်နေရေး ခက်ခဲလျက်ရှိပြီးတော့မှ ဘဝကိုရောက်ရှိနေပါတယ်။ ကုမ္ပဏီများအနေနဲ့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့ ချုပ်ဆိုထားသည့် စာချုပ်များအရ ကု မ္ပဏီများအနေနဲ့ လက်ငုတ်လယ်သမားများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သည်ဖြစ်စေ၊ မဆောင်ရွက်သည်ဖြစ်စေ ၃ နှစ်ကာလများအတွင်း ကုမ္ပဏီများဟာ စိတ်ကြိုက် စိုက်ပျိုးဆောင်ရွက်ခွင့် ရရှိနေသည့် သဘောဖြစ်နေသဖြင့် ကုမ္ပဏီများဘက်မှလည်း လက်ငုတ်လယ်သမားနှင့် အကျိုးတူ ဆောင်ရွက်ခြင်းမပြုပဲ မိမိတို့၏ ကုမ္ပဏီသဘောအတိုင်းသာ ဆောင်ရွက်နေကြ ခြင်းဖြစ်ပါတယ်။ အမှန်စင်စစ် ဒီကနေ့ နိုင်ငံတော်အစိုးရမှ တည်ဆဲဥပဒေများဖြင့် ဆက်လက်ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ ၁၉၆၃ ခုနှစ် တောင်သူဈယ်သမား အခွင့်အရေးကာကွယ်သည့် ဥပဒေ၏ ရည်ရွယ်ချက်တွင် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေအရသာ လယ်ယာမြေများကို ဆက်လက်လုပ်ကိုင်စေရန် ရည်ရွယ်သည်ဟု ပြဋ္ဌာန်းထားသည့်အပြင်၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့် ဥပဒေပုဒ်မ ၃ (၁-ခ)တွင် တည်ဆဲတရားဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ တရားမရုံးတစ်ခုခု၏ ဒီဂရီ သို့မဟုတ် အမိန့်ဖြင့် လယ်ယာမြေကို မလုပ်ကိုင်ရ ဟု သော်လည်းကောင်း လယ်ယာမြေထဲသို့ မဝင်ရဟုသော်လည်းကောင်း၊ တားဆီးခြင်း မပြုရဟုသော်လည်းကောင်း ပြဋ္ဌာန်းချက်များပါရှိပါသည် ။ လယ်သမားများ ဘဝဖွံ့ဖြိုးရေးနှင့် ဆန်စပါး အထွက် တိုးရေး ရည်ရွယ်ချက်များဖြင့် လယ်သမားများနှင့် ကုမ္ပဏီများ အကျိုးတူပူးပေါင်း စိုက်ပျိုးရန် ဆောင်ရွက် မှု မအောင်မြင်ကြောင်း တွေ့ရှိရပါတယ်။ ကုမ္ပဏီများအနေနဲ့ လယ်သမားများ လယ်လုပ်ကိုင်ခွင့်ဆုံးရှုံးနေသည့်အပေါ် ကိုယ်ချင်းစာနာမရှိဘဲနဲ့ ၎င်းတို့ အကျိုးတူလုပ်ခွင့်ရသည့် မြေများအား စိုက်နိုင်သလောက် စိုက်နေကြကြောင်းကိုလည်း တွေ့ရှိရပါတယ်။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၃ နှစ်သက်တမ်း မြေငှားစာချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့် ရရှိနေသော ကုမ္ပဏီများဟာ လယ်လုပ်ပိုင်ခွင့်ကို အလိုအလျောက် ဥပဒေနဲ့ အညီ ဆောင်ရွက်ခွင့်ရရှိသွားပြီး ရေရှည်တွင် မူလလက်ငုတ် လယ်သမားများအနေနဲ့ လယ်လုပ်ပိုင်ခွင့်ရရှိသူရှေ့မှာ ပျောက်ကွယ်သွား ကာ ကုမ္ပဏီများသည် လယ်ပိုင်ရှင်များ အလိုအလျောက်ဖြစ်လာမည်ဟု ကျွန်တော်တို့ စိုးရိမ်ရပါတယ်။ ကိုလိုနီနယ်ချဲ့ လက်အောက်

မိမိတို့နိုင်ငံကျရောက်စဥ် ချစ်တီးများသည် အကြွေးများဖြင့် လယ်သမားများ၏ လယ်ကိုသိမ်းယူ ပိုင်ဆိုင်ခွင့် ရရှိသွားသကဲ့သို့ အခွင့်ထူးခံ အဆိုပါကုမ္ပဏီများဟာ မဖြစ် သလောက်သော တန်ရာ တန်ကြေး သို့မဟုတ်ငွေကြေးအနည်းငယ်ကိုသာ လျော်ကြေးသဘောမျိုးပေးပြီးတော့ အခွင့်ထူးများ ရရှိနေကြဦးမှာဖြစ်ကြောင်း လေ့လာစစ်ဆေး တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ လယ်သမားများအား မူလအတိုင်း မိမိတို့၏ လက်ငုတ်လယ်မြေများတွင်မူလအတိုင်း လယ်လုပ်ပိုင်ခွင့်များ မဆုံးရှုံးရအောင် တာဝန်ရှိသူအဆင့်ဆင့်မှ ချမှတ်ဆောင်ရွက် ပေးသင့်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင်၏ အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြ အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ၃၈ ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ၃၉ ရက် မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၂၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လည် ၁၃း၃၀ နာရီမှာ ဘတ်ဂျက်ဆိုင်ရာ ဆွေးနွေးပွဲရှိတဲ့အတွက် ယခု အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော်ဒုတိယ ပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် တနင်္လာနေ့ နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၈ ရက် မြောက်နေ့ အစည်းအဝေးကို ၁၂း၂၃ နာရီအချိန်တွင် ရပ်နားပါသည်။]